Myanmar
2nd Protocol

# လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ခြင်း အတွက် ၁၉၅၄ ခုနှစ်၊ ဟေ့ဂ်ကွန်ဗင်းရှင်း၏ ဒုတိယနောက်ဆက်တွဲ သဘောတူစာချုပ် ၁၉၉၉ ခုနှစ်

စာချုပ်ဝင်နိုင်ငံများသည် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်မှု တိုးတက်ကောင်းမွန်ရန်နှင့် အတိအကျသတ်မှတ်ဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရေး ပိုမိုအဆင့်မြင့်သည့် စနစ်တစ်ရပ် တည်ထောင်ရန် လိုအပ်ချက်ကို **သိရှိလျက်**

၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ ) ရက်နေ့တွင် ဟေ့ဂ်မြို့ ၌ အတည်ပြုခဲ့သော လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ခြင်းအတွက် ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များ အရေးကြီးပုံကို ထပ်လောင်းအတည်ပြု၍ ၄င်းတို့အား အကောင်အထည်ဖော်ခြင်း ပိုမိုအားကောင်းစေရန် အစီအမံများ ဆောင်ရွက်ခြင်းဖြင့် ယင်းပြဋ္ဌာန်းချက်များကို ဖြည့်စွက်ရန်လိုအပ်ကြောင်း **အလေးအနက်ပြုလျက်**

ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများအား လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားစဉ် ယဉ်ကျေးမှု ပစ္စည်း ကာကွယ်စောင့်ရှောက်ခြင်း၌ သင့်တင့်လျောက်ပတ်သော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း ဖြင့် ပိုမို၍ အနီးကပ်ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းတစ်ရပ် ဖြည့်ဆည်းပေးရန် **အလိုဆန္ဒရှိလျက်**

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရေးကို ထိန်းချုပ်သော စည်းမျဉ်းများသည် နိုင်ငံတကာ ဥပဒေ တိုးတက်မှုများကို ထင်ဟပ်သင့်ကြောင်း **ထည့်သွင်းစဉ်းစားလျက်**

ထုံးတမ်းစဉ်လာ နိုင်ငံတကာ ဥပဒေ စည်းမျဉ်းများသည် ဤနောက်ဆက်တွဲ သဘောတူ စာချုပ် ပြဋ္ဌာန်းချက်များဖြင့် စည်းမျဉ်းထိန်းချုပ်ထားခြင်းမရှိသော ကိစ္စများအပေါ် ဆက်လက်၍ စည်းမျဉ်း ထိန်းချုပ်မည်ဖြစ်ကြောင်း **အတည်ပြုလျက်**

အောက်ဖော်ပြပါအတိုင်း သဘောတူညီကြပါသည် –

## အခန်း ( ၁ )နိဒါန်း

### အပိုဒ် ( ၁ ) အဓိပ္ပါယ်ဖော်ပြချက်များ

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ပါ ရည်ရွယ်ချက်များအတွက် –

(က) စာချုပ်ဝင်နိုင်ငံဆိုသည်မှာ ဤသဘောတူစာချုပ်တွင် ပါဝင်သောနိုင်ငံကို ဆိုလိုသည်။

(ခ) ယဉ်ကျေးမှုပစ္စည်းဆိုသည်မှာ ကွန်ဗင်းရှင်းအပိုဒ် ( ၁ )တွင် အဓိပ္ပါယ်ဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်းကို ဆိုလိုသည်။

(ဂ) ကွန်ဗင်းရှင်းဆိုသည်မှာ ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့တွင် ဟေ့ဂ်မြို့၌ ရေးဆွဲသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်းကာကွယ်စောင့်ရှောက်ခြင်းအတွက် ကွန်ဗင်းရှင်းကို ဆိုလိုသည်။

(ဃ) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးဆိုသည်မှာ ကွန်ဗင်းရှင်းတွင်ပါဝင်သော နိုင်ငံကိုဆိုလိုသည်။

(င) အဆင့်မြှင့်တင်ထားသော ကာကွယ်စောင့်ရှောက်မှုဆိုသည်မှာ အပိုဒ် ( ၁၀ ) နှင့် ( ၁၁ )တို့တွင် သတ်မှတ်ဖော်ပြထားသော အဆင့်မြှင့်ထားသည့် ကာကွယ်စောင့်ရှောက်မှု စနစ်ကိုဆိုလိုသည်။

(စ) စစ်ဘက်ပစ်မှတ်ဆိုသည်မှာ သဘောသဘာဝ၊ တည်နေရာ၊ ရည်ရွယ်ချက် (သို့မဟုတ်) အသုံးပြုမှုအရ စစ်ရေးတိုက်ခိုက်မှုတွင် ထိရောက်သော အထောက်အကူပြုနည်း လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဖျက်ဆီးခြင်း၊ သိမ်းပိုက်ခြင်း (သို့မဟုတ်) အလုပ်မလုပ်နိုင်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် သက်ဆိုင်ရာ အချိန်တွင် ဖြစ်ပွားသော အခြေအနေများ၌ ပြတ်သားသော စစ်ရေးအားသာချက် ဖြစ်စေနိုင်သည့် အရာဝတ္ထုကို ဆိုလိုသည်။

(ဆ) တရားမဝင်ဆိုသည်မှာ သိမ်းပိုက်ခံနယ်မြေ၏ ပြည်တွင်းဥပဒေ (သို့မဟုတ်) နိုင်ငံတကာဥပဒေ၏ အကျုံးဝင်သော စည်းမျဉ်းများကို ချိုးဖောက်လျက် အနိုင်အထက် ပြုလုပ်သည်ဖြစ်စေ (သို့မဟုတ်) အခြားနည်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းကိုဆိုလို သည်။

(ဇ) စာရင်းဆိုသည်မှာ အပိုဒ် ( ၂၇ ) အပိုဒ်ခွဲ ( ၁ ) ( ခ )နှင့်အညီ သတ်မှတ်ဖော်ပြထားသော အဆင့်မြင့်ကာကွယ်စောင့်ရှောက်မှု အောက်ရှိ ယဉ်ကျေးမှုပစ္စည်းနိုင်ငံတကာ စာရင်းကိုဆိုလိုသည်။

(ဈ) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ကို ဆိုလိုသည်။

(ည) ယူနက်စကိုဆိုသည်မှာ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ အစည်းကိုဆိုလိုသည်။

(ဋ) ပထမနောက်ဆက်တွဲ သဘောတူစာချုပ်ဆိုသည်မှာ ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ ) ရက်နေ့တွင် ဟော့ဂ်မြို့ ၌ ရေးဆွဲသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ခြင်းအတွက် နောက်ဆက်တွဲ သဘောတူစာချုပ်ကို ဆိုလိုသည်။

## အပိုဒ် ( ၂ ) ကွန်ဗင်းရှင်းနှင့် ဆက်စပ်မှု

ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် ကွန်ဗင်းရှင်းဝင်နိုင်ငံများ အကြား ဆက်ဆံရေးများ၌ ကွန်ဗင်းရှင်းကို ဖြည့်စွက်သည်။

## အပိုဒ် ( ၃ ) အကျုံးဝင်မှု အတိုင်းအတာ

(၁) ငြိမ်းချမ်းသောအချိန်ကာလတွင် အကျုံးဝင်မည့် ပြဋ္ဌာန်းချက်များအပြင် ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် ကွန်ဗင်းရှင်းအပိုဒ် ( ၁၈ ) စာပိုဒ် ( ၁ )နှင့် ( ၂ ) အပိုဒ် ( ၂၂ ) စာပိုဒ် ( ၁ )တွင် ရည်ညွှန်းဖော်ပြထားသော အခြေအနေများ၌လည်း ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် အကျုံးဝင်စေရမည်။

(၂) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံသည် ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို လိုက်နာရမည်ဟု သတ်မှတ်ချည်နှောင်ထားခြင်း မရှိပါက ဤနောက်ဆက်တွဲတွင် ပါဝင်သော နိုင်ငံများသည် ၎င်းတို့အချင်းချင်း အပြန်အလှန် ဆက်ဆံမှုများတွင် ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကိုပင် လိုက်နာလျက် ဆက်လက်ချည်နှောင်ဆဲ ဖြစ်စေရမည်။ ဤနောက်ဆက်တွဲ သဘောတူစာချုပ်ဝင်နိုင်ငံများသည် ဤနောက်ဆက်တွဲ သဘောတူစာချုပ်ဖြင့် ချည်နှောင်ခြင်းမရှိသော လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံနှင့် ဆက်ဆံရာ၌ ယင်းနိုင်ငံက ဤနောက်ဆက်တွဲ သဘောတူစာချုပ်ပါ သတ်မှတ်ချက်များသည်

၎င်းတို့နှင့် အကျုံးဝင်သမျှ ကာလပတ်လုံး ယင်းသတ်မှတ်ချက်များကို လိုက်နာရန် လက်ခံပါက ယင်းနိုင်ငံနှင့် ဆက်ဆံရာ၌ ဤနောက်ဆက်တွဲ သဘောတူစာချုပ်ဖြင့် ပင် ဆက်လက်၍ ချည်နှောင်ပြီး ဖြစ်စေရမည်။ လိုက်နာရမည်။

**အပိုဒ် ( ၄ ) ကွန်ဗင်းရှင်းနှင့် ဤနောက်ဆက်တွဲသဘောတူစာချုပ် အခန်း ( ၃ ) နှင့် အခြားပြဋ္ဌာန်းချက်များအကြား ဆက်စပ်မှု**

ဤနောက်ဆက်တွဲ သဘောတူစာချုပ် အခန်း ( ၃ )ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံးရာ၌ အောက်ဖော်ပြပါတို့ကို ထိခိုက်ခြင်းမရှိစေရပါ –

(က) ကွန်ဗင်းရှင်းအခန်း ( ၁ )နှင့် ဤနောက်ဆက်တွဲ သဘောတူစာချုပ် အခန်း (၂) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အတိုင်း ကျင့်သုံးလျှင်၊

(ခ) ကွန်ဗင်းရှင်း အခန်း ( ၂ )ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံးခြင်း၊ ဤ နောက်ဆက်တွဲ သဘောတူစာချုပ်တွင် ပါဝင်သော နိုင်ငံများအကြား (သို့မဟုတ်) ဤနောက်ဆက်တွဲ သဘောတူစာချုပ်တွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံနှင့် အပိုဒ် ( ၂ ) စာပိုဒ် ( ၃ ) နှင့်အညီ ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို လက်ခံပြီး ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံတို့အကြား ယဉ်ကျေးမှုပစ္စည်းကို အထူးကာကွယ် စောင့်ရှောက်မှုနှင့် အဆင့်မြင့်ကာကွယ် စောင့်ရှောက်မှု ( ၂ ) ရပ်စလုံး ပေးအပ် သော အခါတွင် အဆင့်မြင့် ကာကွယ်စောင့်ရှောက်မှု ပြဋ္ဌာန်းချက်များကိုသာလျှင် အကျုံးဝင်စေရမည်။

**<u>အခန်း ( ၂ ) ကာကွယ်စောင့်ရှောက်မှုနှင့် ပတ်သက်၍ အထွေထွေပြဋ္ဌာန်းချက်များ</u>**

**အပိုဒ် ( ၅ ) ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ခြင်း**

ကွန်ဗင်းရှင်းအပိုဒ် ( ၃ )နှင့်အညီ လက်နက်ကိုင်ပဋိပက္ခနှင့် ကြိုတင် ခန့်မှန်းနိုင်သော သက်ရောက်မှုများမဖြစ်ပွားစေရန် ယဉ်ကျေးမှုပစ္စည်းကို ကာကွယ် စောင့်ရှောက်ရေးအတွက် ငြိမ်းချမ်းသောကာလတွင် ဆောင်ရွက်သည့် ကြိုတင်ပြင်ဆင်သော အစီအမံများတွင် ထိန်းသိမ်းထားရှိသည့် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ခြင်း၊ မီးလောင်ခြင်း (သို့မဟုတ်) အဆောက်အအုံပြိုလဲခြင်းမှ ကာကွယ်စောင့်ရှောက်ရန် အရေးပေါ် အစီအမံများ ရေးဆွဲ ခြင်း၊ ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုပစ္စည်းကို ကြိုတင်ပြင်ဆင်ခြင်း (သို့မဟုတ်) ယင်းသို့ သော ပစ္စည်းကို တည်ရှိရာနေရာတွင်ပင် လုံလောက်သော ကာကွယ်စောင့်ရှောက်မှု အတွက် ဖြည့်ဆည်းပေးခြင်းနှင့် ယဉ်ကျေးမှုကာကွယ်စောင့်ရှောက်ရန်အတွက် တာဝန်ယူ

ရသော လုပ်ပိုင်ခွင့်ရှိသည့် အာဏာပိုင်များ သတ်မှတ်တာဝန်ပေးခြင်းတို့ကို သင့်တင့်လျောက်ပတ်သလို ပါဝင်စေရမည်။

**အပိုဒ် ( ၆ ) ယဉ်ကျေးမှုပစ္စည်းကို အလေးဂရုပြုခြင်း**

ကွန်ဗင်းရှင်းအပိုဒ် ( ၄ )နှင့်အညီ ယဉ်ကျေးမှုပစ္စည်းကို အလေးဂရုပြုရန် ရည်ရွယ်ချက်ဖြင့် –

(က) ကွန်ဗင်းရှင်း အပိုဒ် ( ၄ ) စာပိုဒ် ( ၂ )နှင့်အညီ စစ်ရေးအရ မဖြစ်မနေလိုအပ်ချက်ကို အခြေခံ၍ အောက်ပါတို့ဖြစ်ပွားနေသည့်ကာလ တစ်လျှောက်လုံး၌သာလျှင် ယဉ်ကျေးမှုပစ္စည်းကို တိုက်ရိုက်တိုက်ခိုက်ခြင်းအား ပြုလုပ်ရန်ကင်းလွတ်ခွင့်ပြုနိုင်သည် –

(၁) ယဉ်ကျေးမှုပစ္စည်းသည် လုပ်ငန်းတာဝန်အရ စစ်ရေးဦးတည်ချက်အဖြစ်သို့ ရောက်ရှိနေခြင်း၊

(၂) ယင်းစစ်ရေးဦးတည်ချက် ပစ်မှတ်ကို တိုက်ခိုက်ခြင်း၊ ဦးတည်တိုက်ခိုက်ခြင်းဖြင့် ရရှိနိုင်မည့် စစ်ရေးအားသာချက်နှင့် အလားတူသော အားသာချက်မျိုးရရှိနိုင်မည့် အခြားရွေးချယ်နိုင်သောနည်းလမ်းဖြစ်နိုင်ချေမရှိခြင်း၊

(ခ) ကွန်ဗင်းရှင်း အပိုဒ် ( ၄ ) စာပိုဒ် ( ၂ )အရ မဖြစ်မနေ စစ်ရေးအရလိုအပ်ချက် အပေါ် အခြေခံ၍ ကင်းလွတ်ခွင့်ပြုခြင်းကို ယဉ်ကျေးမှုပစ္စည်းအားပျက်ဆီးခြင်း (သို့မဟုတ်) ထိခိုက်ခြင်း ဖြစ်ပွားစေနိုင်သည့် ရည်ရွယ်ချက်များအတွက် အသုံးပြုရန်သာလျှင် ကင်းလွတ်ခွင့်ပြုနိုင်သည်။ ယဉ်ကျေးမှုပစ္စည်းကို အလားတူ အသုံးပြုခြင်းနှင့် ယင်းကဲ့သို့သော စစ်ရေးအရအားသာချက်ရရှိနိုင်ရန် အခြားဖြစ်နိုင်ချေရှိသည့် နည်းလမ်းတို့အကြားရွေးချယ်ရန် မဖြစ်နိုင်သော အခါမှသာ ယင်းသို့ မဖြစ်နိုင်သည့် ကာလပတ်လုံးအသုံးပြုရန် ဖြစ်သည်။

(ဂ) စစ်ရေးအရမဖြစ်မနေ လိုအပ်ချက်ကို ကျင့်သုံးရန် ဆုံးဖြတ်ချက်အား တပ်မအရွယ်အစား (သို့မဟုတ်) ၎င်းထက်ကြီးသော အရွယ်အစားရှိသည့် တပ်ဖွဲ့အားကွပ်ကဲသော အရာရှိတပ်မှူးကသာလျှင် ဆုံးဖြတ်ရမည်။ သို့မဟုတ် အခြေအနေအရ အခြားနည်းလမ်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်ပါက

ထို့ထက်သေးငယ်သော တပ်ဖွဲ့၏ တပ်မှူးက ဆောင်ရွက်နိုင်သည်။ ဆုပ်ကိုင်နိုင်သည်။

(ဃ) စာပိုဒ်ခွဲ (က)နှင့်အညီ ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အခြေခံ၍ တိုက်ခိုက်လာ လျှင် အခြေအနေအရ ဖြစ်နိုင်ပါက ထိရောက်စွာကြိုတင်၍ သတိပေးရမည်။

**အပိုဒ် ( ၇ ) တိုက်ခိုက်ရာတွင် သတိပေးခြင်းများ**

စစ်ရေးအရ စစ်ဆင်ရေးများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ လူသားချင်း စာနာရေး ဥပဒေအရ သတ်မှတ်ထားသော အခြားသတိပြုချက်များကို ထိခိုက်စေခြင်းမရှိဘဲ ပဋိပက္ခတွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံစီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(က) တိုက်ခိုက်ရန် ဦးတည်ချက်များသည် ကွန်ဗင်းရှင်း အပိုဒ် ( ၄ )အရ အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းများ မဟုတ်ကြောင်း စစ်ဆေးအတည်ပြုရန် တတ်နိုင်သမျှ ဆောင်ရွက်ရမည်။

(ခ) ကွန်ဗင်းရှင်း အပိုဒ် ( ၄ )အရ အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းကို မတော်တဆ ထိခိုက်ပျက်ဆီးမှုအား ရှောင်ရှားရန်၊ မည်သို့ပင်ဖြစ်စေ ထိခိုက်ပျက်ဆီးမှု နည်းပါးနိုင်သမျှ နည်းပါးစေရန်အလို့ငှာ တိုက်ခိုက်သည့်နည်းလမ်းများကို ရွေးချယ်ရာ၌ သတိပြုမှုဖြစ်နိုင်သမျှ အားလုံးကို ပြုလုပ်ရမည်။

(ဂ) ကွန်ဗင်းရှင်း အပိုဒ် ( ၄ )အရ အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းအား မတော်တဆ ထိခိုက်မှုဖြစ်စေနိုင်သည်ဟု ယူဆရသည့် မည်သည့်တိုက်ခိုက်မှုကိုမဆို ပြုလုပ်ရန် မဆုံးဖြတ်ဘဲ ရှောင်ကြဉ်ရမည်။ ရရှိရန်မျှော်မှန်းထားသော အခိုင်အမာ တိုက်ရိုက်စစ်ရေးအားသာချက်နှင့် နှိုင်းဆလျှင် ပျက်ဆီးမှုမှာ အလွန်အမင်းများပြားနေပါက ယင်းသို့မဆုံးဖြတ်ရန်ဖြစ်သည်။

(ဃ) ယင်းသို့ဖြစ်ကြောင်း ထင်ရှားသိသာလာပါက တိုက်ခိုက်မှုကို ပယ်ဖျက်ရန် (သို့မဟုတ်) ဆိုင်းငံ့ရန်ဖြစ်သည်။

(၁) ဦးတည်ချက်ပစ်မှတ်မှာ ကွန်ဗင်းရှင်း အပိုဒ် ( ၄ )အရ အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းဖြစ်ခြင်း၊

(၂) တိုက်ခိုက်မှုသည် ကွန်ဗင်းရှင်း အပိုဒ် ( ၄ )အရ အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းကို မတော်တဆ ထိခိုက်မှု ဖြစ်စေနိုင်မည့် ယင်းထိခိုက်မှုမှာ မျှော်မှန်းထားသော အခိုင်အမာရရှိမည့် စစ်ရေးအားသာချက်နှင့် နှိုင်းဆလျှင် အလွန်အမင်းများပြားနေခြင်း၊

**အပိုဒ် ( ၈ ) တိုက်ခိုက်မှုများ၏ သက်ရောက်မှုများကို တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် သတိပြုခြင်းများ**

ပဋိပက္ခမှုများတွင် ပါဝင်သော နိုင်ငံများသည် ဖြစ်နိုင်သမျှအများဆုံး အတိုင်းအတာအထိ အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်သည် -

(က) စစ်ရေးဦးတည်ချက် ပစ်မှတ်အနီးတစ်ဝိုက်တွင် ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုပစ္စည်းများကို ဖယ်ရှားခြင်း (သို့မဟုတ်) နေရာတွင်ပင် လုံလောက်သော ကာကွယ်စောင့်ရှောက်မှု ဖြည့်ဆည်းပေးခြင်း၊

(ခ) ယဉ်ကျေးမှုပစ္စည်းအနီးတွင် စစ်ရေးဦးတည်ချက်ပစ်မှတ်များ နေရာချထားခြင်းကို ရှောင်ရှားခြင်း၊

**အပိုဒ် ( ၉ ) သိမ်းပိုက်ခံနယ်မြေတွင် ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ခြင်း**

(၁) ကွန်ဗင်းရှင်း အပိုဒ် ( ၄ )နှင့် ( ၅ )ပါ သတ်မှတ်ချက်များကို မထိခိုက်စေဘဲ အခြားကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သိမ်းပိုက်ထားသော ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံသည် သိမ်းပိုက်ထားသော ပိုင်နက်နယ်မြေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်းအား တားမြစ်ပိတ်ပင် တားဆီးကာကွယ်ရမည် -

(က) ယဉ်ကျေးမှုပစ္စည်းများကို တရားမဝင် နယ်မြေပြင်ပသို့ တင်ပို့ခြင်း၊ အခြားနည်းဖြင့် ဖယ်ရှားခြင်း (သို့မဟုတ်) ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊

(ခ) ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ရန်၊ မှတ်တမ်းတင်ရန် (သို့မဟုတ်) ထိန်းသိမ်းရန် လုံးဝလိုအပ်ချက်ရှိသည့် အခြေအနေမှ တစ်ပါး ရှေးဟောင်းသုတေသန တူးဖော်ခြင်း၊ တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(ဂ) ယဉ်ကျေးမှုဆိုင်ရာ သမိုင်းဆိုင်ရာ (သို့မဟုတ်) သိပ္ပံဆိုင်ရာ အထောက်အထားကို ဖုံးကွယ်ရန် (သို့မဟုတ်) ဖျက်ဆီးရန်ရည်ရွယ်သော ယဉ်ကျေးမှု

ပစ္စည်းများကို အပြောင်းအလဲ တစ်စုံတစ်ရာ ပြုလုပ်ခြင်း (သို့မဟုတ်) လွှဲပြောင်း အသုံးပြုခြင်း၊

(၂) သိမ်းပိုက်ခံနယ်မြေတွင် ယဉ်ကျေးမှုပစ္စည်းကို ရှေးဟောင်းသုတေသန တူးဖော်ခြင်း အပြောင်းအလဲပြုလုပ်ခြင်း၊ လွှဲပြောင်းအသုံးပြုခြင်းတို့သည် အခြေအနေအရ မဖြစ်နိုင်သော အနေအထားမှလွဲ၍ သိမ်းပိုက်ခံနယ်မြေ၏ အမျိုးသားအဆင့် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍သာလျှင် ပြုလုပ်ရမည်။

## <u>အခန်း ( ၃ ) အဆင့်မြင့်ကာကွယ်ပေးခြင်း</u>

### အပိုဒ် ( ၁၀ ) အဆင့်မြင့်ကာကွယ်ပေးခြင်း

ယဉ်ကျေးမှုပစ္စည်းကို အောက်ဖော်ပြပါ သတ်မှတ်ချက် ( ၃ )ရပ်နှင့် ပြည့်မီလျှင် အဆင့်မြင့် အကာအကွယ်ပေးမှု ပြုလုပ်ပေးနိုင်သည် –

(က) လူသားတစ်ရပ်လုံးအတွက် အရေးကြီးဆုံးသော ယဉ်ကျေးမှုအမွေအနှစ် ဖြစ်ခြင်း၊

(ခ) ခြွင်းချက်ပြုရလောက်သော ထူးခြားသည့် ယဉ်ကျေးမှုနှင့် သမိုင်းဝင်တန်ဖိုးကို အသိအမှတ်ပြုသည့် အဆင့်အမြင့်ဆုံး ကာကွယ်စောင့်ရှောက်မှု ပြုလုပ်ပေးသော လိုလောက်သည့် ပြည်တွင်း ဥပဒေနှင့် အုပ်ချုပ်မှုအစီအမံများဖြင့် အကာအကွယ် ပေးထားခြင်း၊

(ဂ) စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးမပြုခြင်း (သို့မဟုတ်) စစ်ဘက်အခြေစိုက်တပ်သားများကို ကာကွယ်ရန် အသုံးမပြုခြင်းနှင့် ယဉ်ကျေးမှုပစ္စည်းကို ထိန်းချုပ်နိုင်သော နိုင်ငံက ယင်းသို့အသုံးပြုမည်မဟုတ်ကြောင်း ကြေညာချက် ထုတ်ပြန်ခြင်း၊

### အပိုဒ် ( ၁၁ ) အဆင့်မြင့်အကာအကွယ်ပေးခြင်း

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံစီသည် အဆင့်မြင့်အကာအကွယ်ပေးမှု၊ အကာအကွယ်ပေးရန် မေတ္တာရပ်ခံမည်ဟု ရည်ရွယ်သော ယဉ်ကျေးမှုပစ္စည်းစာရင်းကို ကော်မတီသို့ တင်သွင်းရမည်။

(၂) ယဉ်ကျေးမှုပစ္စည်းအား တရားစီရင်ပိုင်ခွင့်ကို ထိန်းချုပ်ခွင့်ရှိသော ကွန်ဗင်းရှင်းဝင်နိုင်ငံသည် ယင်းယဉ်ကျေးမှုပစ္စည်းကို အပိုဒ် ( ၂၇ ) စာပိုဒ် ( ၁ ) ( ခ )နှင့်အညီ သတ်မှတ်ပြီးစာရင်းတွင် ထည့်သွင်းရန် မေတ္တာရပ်ခံနိုင်သည်။

ဤမေတ္တာရပ်ခံချက်တွင် အပိုဒ် ( ၁၀ )၌ ဖော်ပြထားသော စံချိန်စံညွှန်းများဆိုင်ရာ လိုအပ်သည့် သတင်းအချက်အလက်များအားလုံး ပါဝင်စေရမည်။ ကော်မတီသည် ယဉ်ကျေးမှုပစ္စည်းတစ်ရပ်အား စာရင်းတွင် ထည့်သွင်းပေးရေး မေတ္တာရပ်ခံရန်အတွက် ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံအား ဖိတ်ခေါ်နိုင်သည်။

(၃) အခြားကွန်ဗင်းရှင်းဝင်နိုင်ငံများသည် အပြာရောင်ဒိုင်း နိုင်ငံတကာကော်မတီနှင့် သက်ဆိုင်ရာ အကျိုးဝင်ပြီး ကျွမ်းကျင်မှုရှိသော အခြားအစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ကော်မတီသို့ အတိအကျ သတ်မှတ်ဖော်ပြထားသည့် ယဉ်ကျေးမှုပစ္စည်းများကို အကြံပြုတင်ပြနိုင်သည်။ ယင်းသို့အကြံပြုတင်ပြသော ဖြစ်ရပ်များတွင် ကော်မတီသည် ယဉ်ကျေးမှုပစ္စည်းအား စာရင်းတွင် ထည့်သွင်းရန်အတွက် ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံကို ဖိတ်ကြားရန် ဆုံးဖြတ်နိုင်သည်။

(၄) နိုင်ငံတစ်နိုင်ငံထက်ပို၍ အချုပ်အခြာ အာဏာပိုင်ဆိုင်သည် (သို့မဟုတ်) တရားစီရင် ပိုင်ခွင့်ရှိသည်ဟုဆိုသော နယ်မြေဒေသတစ်ခုတွင် တည်ရှိသည့် ယဉ်ကျေးမှုပစ္စည်းအား ထည့်သွင်းရန် မေတ္တာရပ်ခံချက်ကိုလည်းကောင်း၊ ယင်းသို့ထည့်သွင်းခြင်းကိုလည်းကောင်း အငြင်းပွားမှုဖြစ်ပွားသော နိုင်ငံများ၏ အခွင့်အရေးများကို မထိခိုက်စေရပါ။

(၅) ကော်မတီသည် စာရင်းတွင် ထည့်သွင်းရန် မေတ္တာရပ်ခံချက် လက်ခံရရှိသော အခါတွင် ယင်းမေတ္တာရပ်ခံချက်ကို ကွန်ဗင်းရှင်းဝင်နိုင်ငံများအားလုံးအား အကြောင်းကြားရမည်။ သက်ဆိုင်ရာ နိုင်ငံများသည် ယင်းသို့သော မေတ္တာရပ်ခံချက်နှင့် စပ်လျဉ်း၍ တင်ပြလိုသော အချက်များရှိပါက ကော်မတီသို့ ရက်ပေါင်း ( ၆၀ )အတွင်း တင်ပြနိုင်သည်။ ယင်းတင်ပြချက်များကို အပိုဒ် ( ၁၀ )တွင် ဖော်ပြထားသော စံချိန်စံညွှန်းများအပေါ် အခြေခံ၍သာလျှင် ပြုလုပ်ရမည်။ ယင်းတင်ပြချက်များမှာ အတိအကျဖော်ပြထားပြီး အချက်အလက်များနှင့်သာလျှင် ပတ်သက်စေရမည်။ ကော်မတီသည် တင်ပြချက်များကို ဆုံးဖြတ်ချက်မချမီ စာရင်းတွင် ထည့်သွင်းရန် မေတ္တာရပ်ခံနိုင်သော နိုင်ငံက တုံ့ပြန်ရန် ထပ်ဆင့်သော အခွင့်အရေးရှိစေလျက်သာလျှင် တင်ပြချက်များကို စဉ်းစားမည်။ ယင်းသို့သော တင်ပြချက်များ ကော်မတီရှေ့မှောက်သို့ တင်ပြလာသောအခါတွင် စာရင်း၌

ထည့်သွင်းရန် ဆုံးဖြတ်ချက်များကို အပိုဒ် ( ၂၆ )တွင် မည်သို့ပင်ဖော်ပြထား စေကာမူ တက်ရောက်ပြီး မဲပေးသော ကွန်ဗင်းရှင်းဝင်နိုင်ငံများ အရေအတွက် ( ၅ )ပုံ ( ၄ )ပုံ အများစုဖြင့် ဆုံးဖြတ်ရမည်။

(၆) ကော်မတီသည် မေတ္တာရပ်ခံချက်ဖြင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသာမက ကျွမ်းကျင်သူများ၏ အကြံပြုချက်များကိုပါ ရယူရမည်။

(၇) အဆင့်မြှင့်ထားသော အကာအကွယ်ပေးမှု ပြုလုပ်ပေးရန် (သို့မဟုတ်) ငြင်းဆိုရန် ဆုံးဖြတ်ချက်ကို အပိုဒ် ( ၁၀ ) တွင်ဖော်ပြထားသော စံချိန်စံညွှန်းများပေါ် အခြေခံ၍သာလျှင် ပြုလုပ်နိုင်သည်။

(၈) ခြွင်းချက်ပြုရမည့် ထူးခြားသော ဖြစ်ရပ်များတွင် ကော်မတီသည် စာရင်းတွင် ယဉ်ကျေးမှုပစ္စည်း ထည့်သွင်းဖော်ပြရန် မေတ္တာရပ်ခံသောနိုင်ငံက အပိုဒ် ( ၁၀ ) အပိုဒ်ခွဲ ( ခ ) ပါ စံချိန်စံညွှန်း သတ်မှတ်ချက်များကို မပြည့်မီဟု ကောက်ချက်ချသောအခါတွင် မေတ္တာရပ်ခံသောနိုင်ငံက အပိုဒ် ( ၃၂ )အရ နိုင်ငံတကာ အကူအညီ မေတ္တာရပ်ခံတင်သွင်းမည်ဆိုလျှင် အဆင့်မြှင့်ထားသော ကာကွယ်ပေးမှုကို ခွင့်ပြုရန် ဆုံးဖြတ်နိုင်သည်။

(၉) တိုက်ခိုက်မှုများ စတင်ဖြစ်ပွားလာသောအခါတွင် ပဋိပက္ခမှုတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံသည် အရေးပေါ်အခြေအနေအဖြစ် မိမိတရားစီရင်ပိုင်ခွင့်အောက်တွင် ရှိသော (သို့မဟုတ်) မိမိထိန်းချုပ်ထားသော ယဉ်ကျေးမှုပစ္စည်းကို အဆင့်မြှင့်တင် ကာကွယ်ပေးရန်အတွက် မေတ္တာရပ်ခံနိုင်သည်။ ယင်းသို့ မေတ္တာရပ်ခံချက်ကို ကော်မတီသို့ ဆက်သွယ်အကြောင်းကြားခြင်းဖြင့် မေတ္တာရပ်ခံရန်ဖြစ်သည်။ ကော်မတီသည် ဤမေတ္တာရပ်ခံချက်ကို ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများအားလုံးသို့ ချက်ချင်းပေးပို့ရမည်။ ယင်းသို့သော ဖြစ်ရပ်များတွင် ကော်မတီသည် သက်ဆိုင်ရာနိုင်ငံများထံမှ တင်ပြချက်များကို အလျင်အမြန် ထည့်သွင်းစဉ်းစားရမည်။ ယာယီအဆင့်မြှင့်တင် အကာအကွယ်ပေးရန် ဆုံးဖြတ်ချက်ကို ဆောလျင်နိုင်သမျှ ဆောလျင်စွာချမှတ်ရမည်။ အပိုဒ် ( ၂၆ ) တွင် မည်သို့ပင်ရှိစေကာမူ တက်ရောက်ပြီး မဲပေးသော အဖွဲ့ဝင်နိုင်ငံများ၏ ( ၅ )ပုံ ( ၄ )ပုံ အများစုဖြင့် ဆုံးဖြတ်ချက်ချရန်ဖြစ်သည်။ ကော်မတီက ယာယီအဆင့်မြှင့် အကာအကွယ်ပေးမှုကို ပြုလုပ်ပေးနိုင်သည်။ စာပိုဒ် ( ၁၀ ) စာပိုဒ်ခွဲ ( က )နှင့် ( ဂ )ပါ ပြဋ္ဌာန်းချက်များ ပြည့်မီမည်ဆိုပါက အဆင့်မြှင့်တင် ကာကွယ်စောင့်ရှောက်မှု ခွင့်ပြုရေး ပုံမှန်လုပ်ထုံးလုပ်နည်းထွက်ပေါ်လာမည့် ရလဒ်ကို စောင့်ဆိုင်းနေချိန်တွင် ခွင့်ပြုနိုင်သည်။

(၁၀) ယဉ်ကျေးမှုပစ္စည်းကို အဆင့်မြှင့်တင် အကာအကွယ်ပေးခြင်းအား ကော်မတီက စာရင်းတွင် ထည့်သွင်းသည့် အချိန်မှအစပြု၍ ပေးအပ်နိုင်သည်။

(၁၁) ညွှန်ကြားရေးမှူးချုပ်သည် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံသို့လည်းကောင်း၊ သက်ဆိုင်သောနိုင်ငံများ အားလုံးသို့ လည်းကောင်း စာရင်းရှိ ယဉ်ကျေးမှုပစ္စည်းကို ကော်မတီ၏ ဆုံးဖြတ်ချက် တစ်စုံ တစ်ရာရှိလျှင် အကြောင်းကြားစာပေးပို့ရမည်။

**အပိုဒ် ( ၁၂ ) အဆင့်မြှင့်တင် အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းကို ကင်းလွတ်ခွင့်ပြုခြင်း**

ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများသည် အဆင့်မြှင့်တင် အကာအကွယ်ပေးထား သော ယဉ်ကျေးမှုပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ ယင်းသို့သော ယဉ်ကျေးမှုပစ္စည်းအား တိုက်ခိုက်သည့်ပစ်မှတ်ဖြစ်စေခြင်း (သို့မဟုတ်) ယင်းယဉ်ကျေးမှုပစ္စည်းကိုလည်းကောင်း၊ အနီးအနား ပတ်ဝန်းကျင်ကိုလည်းကောင်း စစ်ရေးဆောင်ရွက်မှုကို ပံ့ပိုးမှုပေးရန် အသုံးပြုခြင်းတို့မှ ရှောင်ကြဉ်ခြင်းအားဖြင့် ကင်းလွတ်ခွင့်ဆောင်ရွက် ပေးရန်ဖြစ်သည်။

**အပိုဒ် ( ၁၃ ) အဆင့်မြှင့်တင် အကာအကွယ်ပေးမှု ဆုံးရှုံးခြင်း**

(၁) အဆင့်မြှင့်တင် အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းသည် ယင်းသို့သော အကာအကွယ်ပေးမှုကို အောက်ပါအခြေအနေများတွင်သာလျှင် ဆုံးရှုံးစေရမည် -

(က) ယင်းသို့သော အကာအကွယ်ပေးမှုကို အပိုဒ် ( ၁၄ )နှင့်အညီ ဆိုင်းငံ့ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း၊

(ခ) ယဉ်ကျေးမှုပစ္စည်းသည် အသုံးပြုမှုအားဖြင့် စစ်ရေးဦးတည်ချက် ပစ်မှတ် ဖြစ်လာခြင်း (သို့မဟုတ်) ယင်းသို့ဖြစ်သည့် အချိန်ကာလအတိုင်းအတာ အတွင်း၊

(၂) စာပိုဒ်ခွဲ ( ၁ ) ( ခ )ပါ အခြေအနေများတွင် ယဉ်ကျေးမှုပစ္စည်းသည် အောက်ဖော် ပြပါ အခြေအနေများအတွင်းသာလျှင် တိုက်ခိုက်ရန် ဦးတည်ချက် (သို့မဟုတ်) ပစ်မှတ်ဖြစ်နိုင်သည် -

(က) စာပိုဒ်ခွဲ ( ၁ ) ( ခ ) တွင် ရည်ညွှန်းဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်း ကို အသုံးပြုခြင်းအား အဆုံးသတ်စေရန် တစ်ခုတည်းသော ဖြစ်နိုင်ချေ ရှိသည့် နည်းလမ်းမှာ တိုက်ခိုက်မှုဖြစ်နေခြင်း၊

(ခ) ယင်းသို့သော အသုံးပြုမှုကို အဆုံးသတ်ရန်နှင့် ယဉ်ကျေးမှုပစ္စည်းကို ထိခိုက်ပျက်စီးခြင်းအား ရှောင်ရှားရန် (သို့မဟုတ်) မည်သို့ပင်ဖြစ်စေ ထိခိုက်ပျက်စီးမှု နည်းပါးနိုင်သမျှ နည်းပါးစေရန်အလို့ငှာ တိုက်ခိုက်မှုနည်းလမ်း ရွေးချယ်ရာ၌ ဖြစ်နိုင်သော ကြိုတင်သတိပြုမှုအားလုံးကို ဆောင်ရွက်ပြီး ဖြစ်ခြင်း၊

(ဂ) အခြေအနေအရ မဖြစ်နိုင်လျှင် ချက်ချင်း မိမိကိုယ်ကို ကာကွယ်ရန် လိုအပ်ချက်အရဖြစ်ခြင်း၊

(၁) တိုက်ခိုက်မှုကို ကွပ်ကဲမှုစစ်ဆင်ရေး အမြင့်မားဆုံးအဆင့်မှ အမိန့်ပေးခြင်း၊

(၂) စာပိုဒ်ခွဲ ( ၁ ) ( ခ )တွင် ရည်ညွှန်းဖော်ပြထားသော အသုံးပြုမှုကို အဆုံးသတ်စေရန် လိုအပ်သော ထိရောက်သည့် ကြိုတင်သတိပေးချက်ကို ဆန့်ကျင်ဘက်တပ်ဖွဲ့များသို့ သတိပေးချက် ထုတ်ပြန်ပြီးဖြစ်ခြင်း၊

(၃) အခြေအနေကို ကုစားရန်အတွက် ဆန့်ကျင်ဘက် တပ်ဖွဲ့များအား ထိုက်သင့်သော အချိန်ပေးပြီးဖြစ်ခြင်း၊

**အပိုဒ် ( ၁၄ ) အဆင့်မြင့်တင် အကာအကွယ်ပေးမှုကို ဆိုင်းငံ့ခြင်းနှင့် ပယ်ဖျက်ခြင်း**

(၁) ယဉ်ကျေးမှုပစ္စည်းသည် ဤနောက်ဆက်တွဲ သဘောတူစာချုပ် အပိုဒ် (၁၀)ပါ စံချိန်စံညွှန်းများအနက် မည်သည့်စံချိန်စံညွှန်းကိုမျှ မပြည့်မီတော့သောအခါတွင် ကော်မတီသည် ယင်းယဉ်ကျေးမှုပစ္စည်းအား အဆင့်မြင့်တင် အကာအကွယ်ပေးသည့် အဆင့်အတန်းအား ဆိုင်းငံ့နိုင်သည် (သို့မဟုတ်) စာရင်းမှ ယင်းယဉ်ကျေးမှုပစ္စည်းကို ဖယ်ရှားခြင်းအားဖြင့် အဆင့်မြင့်တင် အကာအကွယ်ပေးသည့် အဆင့်အတန်းကို ပယ်ဖျက်နိုင်သည်။

(၂) အဆင့်မြင့် အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းနှင့် စပ်လျဉ်း၍ စစ်ရေးဆောင်ရွက်မှုကို ပံ့ပိုးမှုပေးရန် အသုံးပြုခြင်းကြောင့် ပေါ်ပေါက်လာသော အပိုဒ် ( ၁၂ )ကို ကြီးလေးသည့် ချိုးဖောက်မှု ဖြစ်ပွားလာလျှင် ကော်မတီသည် အဆင့်မြင့်တင် အကာအကွယ်ပေးသော အဆင့်အတန်းကို ဆိုင်းငံ့နိုင်သည်။ ယင်းသို့သော ချိုးဖောက်မှုများမှာ စဉ်ဆက်မပြတ် ဖြစ်ပွားနေပါက ကော်မတီသည် ခြွင်းချက်အနေဖြင့် ယဉ်ကျေးမှုပစ္စည်းကို စာရင်းမှ ဖယ်ရှားခြင်းအားဖြင့် အဆင့်မြင့်တင် အကာအကွယ်ပေးသော အဆင့်အတန်းကို ပယ်ဖျက်နိုင်သည်။

(၃) ညွှန်ကြားရေးမှူးချုပ်သည် ဆိုင်းငံ့ခြင်းမရှိဘဲ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့လည်းကောင်း၊ ဤနောက်ဆက်တွဲ သဘောတူစာချုပ်တွင် ပါဝင်သော နိုင်ငံများထံသို့လည်းကောင်း၊ ကော်မတီ၏ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ရှိပါက ယဉ်ကျေးမှုပစ္စည်းကို အဆင့်မြှင့်တင် ကာကွယ်စောင့်ရှောက်မှုအား ဆိုင်းငံ့ရန် (သို့မဟုတ်) ပယ်ဖျက်ရန် အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။

(၄) ကော်မတီသည် ယင်းသို့သော ဆုံးဖြတ်ချက်မချမီ သက်ဆိုင်သော နိုင်ငံများအား မိမိတို့၏ ရှုမြင်ပုံများကို တင်ပြရန် အခွင့်အလမ်းပေးရမည်။

## <u>အခန်း ( ၄ ) ပြစ်မှုအတွက် တာဝန်ယူရခြင်းနှင့် တရားစီရင်ပိုင်ခွင့်</u>

### အပိုဒ် ( ၁၅ ) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ကြီးလေးသော ချိုးဖောက်မှုများ

(၁) လူပုဂ္ဂိုလ်တစ်ဦးသည် ကွန်ဗင်းရှင်းကိုဖြစ်စေ၊ ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ဖြစ်စေသိလျက်နှင့် တမင်ရည်ရွယ်၍ ချိုးဖောက်လျက် အောက်ဖော်ပြပါလုပ်ရပ် တစ်စုံတစ်ခုကို ကျူးလွန်သောအခါတွင် ဤနောက်ဆက်တွဲ သဘောတူစာချုပ်၏ အဓိပ္ပါယ်အတွင်းတွင် ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည် -

(က) အဆင့်မြှင့်တင် အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းကို တိုက်ခိုက်မှု၏ ပစ်မှတ်သတ်မှတ်ခြင်း၊

(ခ) အဆင့်မြှင့်တင် အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်း (သို့မဟုတ်) ယင်းအနီးတဝိုက် ပတ်ဝန်းကျင်ကို စစ်ရေးအရ ဆောင်ရွက်မှုအား ပံ့ပိုးမှုပေးရန်အတွက် အသုံးပြုခြင်း၊

(ဂ) ကွန်ဗင်းရှင်းနှင့် ဤနောက်ဆက်တွဲ သဘောတူစာချုပ်အရ အကာ အကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းကို ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေခြင်း (သို့မဟုတ်) ရယူအသုံးပြုခြင်း၊

(ဃ) ဤကွန်ဗင်းရှင်းနှင့် ဤနောက်ဆက်တွဲ သဘောတူစာချုပ်အရ အကာအကွယ် ပေးထားသော ယဉ်ကျေးမှုပစ္စည်းကို တိုက်ခိုက်မှု၏ပစ်မှတ်အဖြစ်သတ်မှတ်ခြင်း၊

(င) ကွန်ဗင်းရှင်းအရ အကာအကွယ်ပေးထားသော ယဉ်ကျေးမှုပစ္စည်းအား ခိုးယူခြင်း၊ လုယက်ခြင်း (သို့မဟုတ်) အလွဲရယူအသုံးပြုခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်း၊

(၂) ဤအပိုဒ်တွင်ဖော်ပြထားသော ပြစ်မှုများကို သက်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံစီက ပြည်တွင်းဥပဒေအရ ပြစ်မှုအဖြစ် သတ်မှတ်ရန်အတွက် လိုအပ်သော အစီအမံများကို ကျင့်သုံးရမည်။ ယင်းသို့သော ပြစ်မှုများကို သင့်တင့်လျောက်ပတ်သော ပြစ်ဒဏ်များဖြင့် ပြစ်ဒဏ်ပေးနိုင်ရေးအတွက် လိုအပ်သော အစီအမံများကို ချမှတ်ရမည်။ ယင်းသို့ဆောင်ရွက်ရာ၌ ကွန်ဗင်းရှင်းဝင်နိုင်ငံများသည် ဥပဒေနှင့် နိုင်ငံတကာဥပဒေ အထွေထွေမူများကို လိုက်နာရမည်။ ပြစ်မှုကို တိုက်ရိုက်ကျူးလွန်သူများမှတပါး အခြားသောသူများအားလည်း တစ်ဦးချင်း ပြစ်မှုဆိုင်ရာ တာဝန်ယူစေမှုကို တိုးချဲ့သည့်စည်းမျဉ်းများအပါအဝင် ဖြစ်စေရမည်။

## အပိုဒ် ( ၁၆ ) တရားစီရင်ပိုင်ခွင့်

(၁) အပိုဒ် ( ၂ ) ကို မထိခိုက်စေဘဲ ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံစီသည် အောက်ဖော်ပြပါ ဖြစ်ရပ်များတွင် အပိုဒ် ( ၁၅ ) ၌ ဖော်ပြထားသည့် ပြစ်မှုများအပေါ် တရားစီရင်ပိုင်ခွင့်သတ်မှတ်ရန် လိုအပ်သော ဥပဒေပြုမှုအစီအမံများကို ဆောင်ရွက်ရမည် -

(က) ယင်းသို့သောပြစ်မှုကို သက်ဆိုင်ရာနိုင်ငံ၏ ပိုက်နက်နယ်မြေအတွင်း ကျူးလွန်သောအခါ၊

(ခ) ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူသည် ယင်းနိုင်ငံ၏ နိုင်ငံသားဖြစ်သောအခါ၊

(ဂ) အပိုဒ် ( ၁၅ ) အပိုဒ်ခွဲ (က) မှ (ဂ) အထိ ဖော်ပြထားသောပြစ်မှုများတွင် ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူသည် ယင်းပိုင်နက်နယ်မြေတွင် ရှိနေသောအခါ၊

(၂) တရားစီရင်ပိုင်ခွင့် ကျင်းသုံးခြင်းနှင့်စပ်လျဉ်းပြီး ကွန်ဗင်းရှင်း၏ အပိုဒ် ( ၂၈ )နှင့် မထိခိုက်စေဘဲ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် တစ်ဦးချင်းပြစ်မှုဆိုင်ရာ တာဝန်ယူရမှုဖြစ်စေခြင်းကို မပယ်ရှားစေရပါ (သို့မဟုတ်) အကျုံးဝင်နိုင်သော ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေတို့အရ တရားစီရင်ပိုင်ခွင့်ကျင့်သုံးခြင်းကို မပယ်ရှားစေရပါ (သို့မဟုတ်) ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေအရ တရားစီရင်ပိုင်ခွင့်ကျင့်သုံးခြင်းကို မထိခိုက်စေရပါ။

(ခ) ဤနောက်ဆက်တွဲ သဘောတူစာချုပ်တွင် မပါဝင်သော နိုင်ငံတစ်နိုင်ငံသည် အပိုဒ် ( ၃ ) စာပိုဒ် ( ၂ ) နှင့်အညီ ဤနောက်ဆက်တွဲ သဘောတူစာချုပ်၏ သတ်မှတ်ချက်များကိုလက်ခံပြီး လက်တွေ့ကျင့်သုံးသောအခါမှတပါး ဤ

နောက်ဆက်တွဲ သဘောတူစာချုပ်တွင် မပါဝင်သော နိုင်ငံတစ်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံသားများသည် ဤနောက်ဆက်တွဲ သဘောတူစာချုပ်တွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံသားများမှတပါး ဤနောက်ဆက် တွဲ သဘောတူစာချုပ်ကြောင့် တစ်ဦးချင်း ပြစ်မှုဆိုင်ရာတာဝန်ယူရမှု မရှိစေရ ပါ။ ထို့အပြင် ယင်းသို့သော ပုဂ္ဂိုလ်များအပေါ် တရားစီရင်ပိုင်ခွင့်သတ်မှတ်ရန် (သို့မဟုတ်) ယင်းသို့သောပုဂ္ဂိုလ်များကို ပြစ်မှုကျူးလွန်ရန် နိုင်ငံသို့ ပြန်လည် ပို့ဆောင်ရန်တာဝန်ကို ဤနောက်ဆက်တွဲသဘောတူစာချုပ်က မရှိစေရပါ။

## အပိုဒ် ( ၁၇ ) တရားစွဲဆိုတင်ပို့ခြင်း

(၁) အပိုဒ် ( ၁၅ ) စာပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) တွင် ဖော်ပြထားသော ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူသည် စွပ်စွဲခြင်းခံရသူရှိနေသော နယ်ပယ်အား ပိုင်ဆိုင်သည့်နိုင်ငံသည် ယင်းပုဂ္ဂိုလ်ကို ပြစ်မှုကျူးလွန်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင် ခြင်း မပြုပါက ခြွင်းချက်တစ်စုံတစ်ရာမထားရှိဘဲ မသင့်တော်သော နှောင့်နှေး ကြန့်ကြာမှုမရှိစေဘဲ မှုခင်းကို တရားစွဲဆိုတင်ပို့ရန် ရည်ရွယ်ချက်ဖြင့် မိမိနိုင်ငံ ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံသို့ ပြည်တွင်းဥပဒေနှင့်အညီ လုပ်ဆောင်ဖွယ် ရှိသည်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် တင်ပို့ရမည်။ အကျုံးဝင်ပါက နိုင်ငံတကာ ဥပဒေ သက်ဆိုင်ရာစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။

(၂) သက်ဆိုင်ရာအကျုံးဝင်မှုရှိပါက သက်ဆိုင်ရာအကျုံးဝင်သော နိုင်ငံတကာဥပဒေ စည်းမျဉ်းများကို မထိခိုက်စေဘဲ ကွန်ဗင်းရှင်းနှင့်စပ်လျဉ်း၍ (သို့မဟုတ်) ဤ နောက်ဆက်တွဲ သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုများ ကြားနာစစ်ဆေးမှုများ ပြုလုပ်ခြင်းခံရသူ မည်သူမဆိုသည် လုပ်ငန်းဆောင်ရွက်မှု ကြားနာစစ်ဆေးမှုအဆင့်အားလုံးတွင် ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေတို့နှင့် အညီ မျှတသော ဆက်ဆံမှုနှင့် မျှတသော ကြားနာစစ်ဆေးမှုတို့ရရှိရန် အာမခံချက် ပေးရမည်။ မည်သည့်မှုခင်းတွင်မဆို နိုင်ငံတကာဥပဒေက ဖြည့်ဆည်းပေးသော အာမခံချက်များထက် လျော့နည်းသောအာမခံချက်များကို ယင်းသို့သော ပုဂ္ဂိုလ် များအား ဖြည့်ဆည်းပေးခြင်းမပြုရ။ မလျော့နည်းစေရ။

## အပိုဒ် ( ၁၈ ) ပြစ်မှုကျူးလွန်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း

(၁) အပိုဒ် ( ၁၅ ) အပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) အထိတွင် ဖော်ပြထားသော ပြစ်မှုများ ကို ဤနောက်ဆက်တွဲ သဘောတူစာချုပ် အတည်မဖြစ်မီ စာချုပ်ဝင်မည်သည့်

နိုင်ငံများအကြား၌မဆို တည်ဆဲဖြစ်သော ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးစာချုပ်များတွင် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်သော ပြစ်မှုအဖြစ် ထည့်သွင်းဖော်ပြထားသည်ဟု ယူဆရမည်။ နောက်ဆက်တွဲစာချုပ်တွင်ပါဝင်သော နိုင်ငံများသည် ယင်းသို့သော ပြစ်မှုများအား မိမိတို့အချင်းချင်းအကြားတွင် ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးကို နောက်ပိုင်း၌ချုပ်ဆိုသော စာချုပ်များအားလုံးတွင် ထည့်သွင်းရန် တာဝန်ယူရမည်။

(၂) နိုင်ငံတစ်နိုင်ငံသည် စာချုပ်တည်ရှိမှုသာလျှင် ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပေးပို့ပြီး အခြားကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံမှ ပြစ်မှုကျူးလွန်သူကို ပြန်လည်ပို့ဆောင်ရန် မေတ္တာရပ်ခံချက် လက်ခံရရှိလျှင် ယင်းနိုင်ငံနှင့်လည်း ပြစ်မှုကျူးလွန်သူကို ပြန်လည်ပို့ဆောင်ရန် စာချုပ် မချုပ်ဆိုထားလျှင် မေတ္တာရပ်ခံခြင်းခံရသောနိုင်ငံသည် မိမိတို့ရွေးချယ်နိုင်သော နည်းလမ်းတစ်ရပ်အဖြစ် ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို အပိုဒ် ( ၁၅ ) အပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) အထိတွင် ဖော်ပြထားသော ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး တရားဥပဒေဆိုင်ရာ အခြေခံအဖြစ် ယူဆနိုင်သည်။

(၃) ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းအား စာချုပ်ရှိမှသာလျှင် ဆောင်ရွက်မည်ဟု သတ်မှတ်ခြင်းမရှိသောနိုင်ငံများသည် အပိုဒ် (၁၅) အပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) အထိဖော်ပြထားသော ပြစ်မှုများကို မေတ္တာရပ်ခံခြင်းခံရသော နိုင်ငံ၏ဥပဒေက သတ်မှတ်ပေးထားသည့် သတ်မှတ်ချက်များအတိုင်း လိုက်နာလျက် မိမိတို့နိုင်ငံများအကြားတွင် ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပေးပို့ခြင်းပြုလုပ်နိုင်သော ပြစ်မှုများအဖြစ် အသိအမှတ်ပြုရမည်။

(၄) လိုအပ်ပါက အပိုဒ် ( ၁၅ ) အပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) အထိ ဖော်ပြထားသော ပြစ်မှုများကို နိုင်ငံများအချင်းချင်းအကြားတွင် ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး ရည်ရွယ်ချက်များအတွက် ပြစ်မှုများကျူးလွန်ခဲ့ရာနေရာတွင်သာလျှင် ကျူးလွန်ခဲ့သည်ဟု မယူဆဘဲ အပိုဒ် ( ၁၆ ) အပိုဒ်ခွဲ ( ၁ ) နှင့်အညီ တရားစီရင်ပိုင်ခွင့်သတ်မှတ်ထားသော စာချုပ်ဝင်နိုင်ငံများ ပိုင်နက်နယ်မြေအတွင်းတွင်လည်း ကျူးလွန်သည်ဟု သဘောထားယူဆ ဆောင်ရွက်ရန်ဖြစ်သည်။

**အပိုဒ် ( ၁၉ ) အပြန်အလှန်ဥပဒေ အကူအညီပေးခြင်း**

(၁) စာချုပ်ဝင်နိုင်ငံများသည် အပိုဒ် ( ၁၅ ) တွင်ဖော်ပြထားသော ပြစ်မှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ (သို့မဟုတ်) ပြစ်မှုဆိုင်ရာ ဆောင်ရွက်မှုများ (သို့မဟုတ်) ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အချင်းချင်း အကူအညီကို တတ်နိုင်သမျှ အများဆုံးဖြည့်ဆည်းပေးရန်ဖြစ်သည်။ ကြားနာစစ်ဆေးမှုလုပ်ငန်း ဆောင်ရွက်မှုများအတွက် လိုအပ်သော သက်သေအထောက်အထားကို မိမိတို့ထံတွင်ရှိပါက ရယူနိုင်ရေး အကူအညီပေးရေးအပါအဝင်ဖြစ်သည်။

(၂) စာချုပ်ဝင်နိုင်ငံများသည် မိမိတို့အချင်းချင်းအကြားတွင်ရှိသော စာချုပ်များ (သို့မဟုတ်) အခြား အပြန်အလှန်ဥပဒေအကူအညီပေးခြင်းဆိုင်ရာ အစီအမံများ၊ အစီအစဉ်များနှင့်အညီ စာပိုဒ် ( ၁ ) အရ ၎င်းတို့၏ ဆောင်ရွက်ရန်တာဝန်များကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ ယင်းသို့သော စာချုပ်များ (သို့မဟုတ်) အစီအစဉ်များမရှိပါက စာချုပ်ဝင်နိုင်ငံများသည် ပြည်တွင်းဥပဒေနှင့်အညီ အချင်းချင်း အကူအညီပေးရန်ဖြစ်သည်။

**အပိုဒ် ( ၂၀ ) ငြင်းပယ်ရန် အကြောင်းအချက်များ**

(၁) ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် ရည်ရွယ်ချက်အတွက် အပိုဒ် ( ၁၅ ) စာပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) အထိတွင် ဖော်ပြထားသော ပြစ်မှုများတွင် အပြန်အလှန်ဥပဒေအကူအညီပေးရန် ရည်ရွယ်ချက်အတွက် အပိုဒ် ( ၁၅ ) တွင် ဖော်ပြထားသော ပြစ်မှုများအား နိုင်ငံရေးပြစ်မှုများအဖြစ်လည်းကောင်း၊ နိုင်ငံရေးပြစ်မှုများနှင့်ဆက်စပ်သော ပြစ်မှုများအဖြစ်လည်းကောင်း၊ နိုင်ငံရေးစေ့ဆော်မှုကြောင့် ဆောင်ရွက်သည့် ပြစ်မှုများအဖြစ်လည်းကောင်း မယူဆရပါ။ သို့ဖြင့် ယင်းသို့သော ပြစ်မှုများပေါ် အခြေခံ၍ အပြန်အလှန်ဥပဒေ အကူအညီပေးရန် (သို့မဟုတ်) ပြစ်မှုကျူးလွန်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် မေတ္တာရပ်ခံချက်ကို ယင်းပြစ်မှုသည် နိုင်ငံရေးပြစ်မှုဖြစ်သည် (သို့မဟုတ်) နိုင်ငံရေးပြစ်မှုနှင့်ဆက်စပ်နေသော ပြစ်မှုဖြစ်သည် (သို့မဟုတ်) နိုင်ငံရေးစေ့ဆော်မှုကြောင့် ကျူးလွန်သောပြစ်မှုဖြစ်သည်ဟူသော အကြောင်းပြချက်သက်သက်ဖြင့် ငြင်းပယ်ခြင်းမပြုရပါ။

(၂) ဤနောက်ဆက်တွဲ သဘောတူစာချုပ်တွင်ပါဝင်သော မည်သည့်အချက်ကိုမျှ ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် တာဝန်ရှိစေသည်ဟု

လည်းကောင်း၊ အပြန်အလှန်ဥပဒေ အကူအညီပေးရန် တာဝန်ရှိစေသည်ဟု လည်းကောင်း အဓိပ္ပါယ်မကောက်စေရပါ။ အကယ်၍ မေတ္တာရပ်ခံခြင်းခံရသော နိုင်ငံသည် အပိုဒ် ( ၁၅ ) အပိုဒ်ခွဲ ( ၁ ) (က) မှ (ဂ) အထိ ဖော်ပြထားသော ဖြစ်မှုများ (သို့မဟုတ်) အပိုဒ် ( ၁၅ ) တွင်ဖော်ပြထားသော ဖြစ်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဥပဒေ အကူအညီပေးရန်အတွက် မေတ္တာရပ်ခံချက်သည် ယင်း သက်ဆိုင်ရာပုဂ္ဂိုလ်၏ လူမျိုး၊ ယုံကြည်ကိုးကွယ်ရာဘာသာ၊ နိုင်ငံသား၊ တိုင်းရင်းသားဇစ်မြစ် (သို့မဟုတ်) နိုင်ငံရေးထင်မြင်ချက်ကြောင့် ယင်း သက်ဆိုင်ရာပုဂ္ဂိုလ်အား တရားစွဲဆိုတင်ပို့ရန် (သို့မဟုတ်) ပြစ်ဒဏ်ပေးရန် ရည်ရွယ်ချက်ဖြင့် မေတ္တာရပ်ခံခြင်းဖြစ်သည် (သို့မဟုတ်) မေတ္တာရပ်ခံချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ယင်းအကြောင်းရင်းတစ်ခုခုအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်၏ အနေအထားကို ထိခိုက်စေသည်ဖြစ်လျှင် ယင်းသို့သော မေတ္တာရပ်ခံချက်ကို ငြင်းပယ်နိုင်သည်။

**အပိုဒ် ( ၂၁ ) အခြားကျူးလွန်သူများနှင့်စပ်လျဉ်း၍ အစီအမံများ**

ကွန်ဗင်းရှင်း အပိုဒ် ( ၂၈ ) ကို မထိခိုက်စေဘဲ ကွန်ဗင်းရှင်းဝင်နိုင်ငံအားလုံးသည် အောက်ဖော်ပြပါလုပ်ရပ်များကို တမင်ရည်ရွယ်၍ ကျူးလွန်ခြင်းများအား နှိပ်ကွပ်ရန်အတွက် လိုအပ်သော ဥပဒေပြုမှု အုပ်ချုပ်မှုနှင့်ပြစ်ဒဏ်ပေးမှု၊ အရေးယူမှုအစီအမံများကို ကျင့်သုံးရမည် –

(က) ကွန်ဗင်းရှင်း (သို့မဟုတ်) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ဖောက်ဖျက်၍ ယဉ်ကျေးမှုပစ္စည်းကို တစ်စုံတစ်ရာအသုံးပြုခြင်း၊

(ခ) ကွန်ဗင်းရှင်း (သို့မဟုတ်) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ဖောက်ဖျက်လျှင် သိမ်းပိုက်ခံနယ်မြေမှ ယဉ်ကျေးမှုပစ္စည်းကို တရားမဝင် ပြင်ပသို့တင်ပို့ခြင်း၊ အခြားနည်းဖြင့် ဖယ်ရှားခြင်း (သို့မဟုတ်) ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း၊

**<u>အခန်း ( ၅ ) နိုင်ငံတကာသဘောသဘာဝမဆောင်သော လက်နက်ကိုင် ပဋိပက္ခတွင် ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ခြင်း</u>**

**အပိုဒ် ( ၂၂ ) နိုင်ငံတကာ သဘောသဘာဝမဆောင်သော လက်နက်ကိုင်ပဋိပက္ခများ**

(၁) ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေတွင်ဖြစ်ပွားသော နိုင်ငံတကာသဘောသဘာဝမဆောင်သည့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသောအခါတွင် အကျုံးဝင်စေရမည်။

(၂) ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် ပြည်တွင်းမငြိမ်မသက်မှုများနှင့် တင်းမာမှုအခြေအနေများနှင့် အကျုံးမဝင်စေရပါ။ (ဥပမာ – အဓိကရုဏ်းဖြစ်ခြင်းများ၊ တစ်သီးတစ်ခြားနယ်ပယ်များနှင့် ကွက်ကျားဖြစ်သော အကြမ်းဖက်မှုများနှင့် အခြားသော အလားတူ သဘောသဘာဝရှိသည့်ဖြစ်ရပ်များ)

(၃) ဤနောက်ဆက်တွဲ သဘောတူစာချုပ်တွင်ပါဝင်သော မည်သည့်အချက်ကိုမျှ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကိုဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအတွင်း တရားဥပဒေနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရန် (သို့မဟုတ်) ပြန်လည်တည်ထောင်ရန် (သို့မဟုတ်) အမျိုးသားစည်းလုံးညီညွတ်မှုနှင့် နိုင်ငံ၏ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုကို ကာကွယ်စောင့်ရှောက်ရန်အတွက် တရားဝင်နည်းလမ်းများအားလုံးဖြင့် ထိန်းသိမ်းရန်အတွက် အစိုးရ၏တာဝန်ကို ထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့် ဤနောက်ဆက်တွဲ သဘောတူစာချုပ်ပါ မည်သည့်အချက်ကိုမျှ အသုံးမပြုရပါ။

(၄) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ပါ မည်သည့်အချက်မျှ နိုင်ငံတကာ သဘောသဘာဝမဆောင်သော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် မိမိ၏ပိုင်နက်နယ်မြေအတွင်း စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ အခြေခံတရားစီရင်ပိုင်ခွင့်ကို မထိခိုက်စေရပါ။ အပိုဒ် ( ၁၅ ) တွင်ဖော်ပြထားသော ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ မဖြစ်စေရန်ဖြစ်ပါသည်။

(၅) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ပါ မည်သည့်အချက်ကိုမျှ ပဋိပက္ခမှု ဖြစ်ပွားသော နယ်မြေကိုပိုင်ဆိုင်သည့် စာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်း (သို့မဟုတ်) ပြည်ပရေးရာကိစ္စရပ်များဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတွင်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အကြောင်းကြောင်းမျှ ကြားဝင်ဆောင်ရွက်ရန် အကြောင်းပြချက်အဖြစ် အသုံးမပြုရပါ။

(၆) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို စာပိုဒ် ( ၁ )တွင် ရည်ညွှန်းဖော်ပြထားသော အခြေအနေ၌ ကျင့်သုံးခြင်းသည် ပဋိပက္ခမှုတွင် ပါဝင်သောနိုင်ငံများ၏ ဥပဒေအဆင့်အတန်းကို မထိခိုက်စေရပါ။

(၇) ယူနက်စကိုသည် ပဋိပက္ခမှုတွင်ပါဝင်သောနိုင်ငံများအား ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်သည်။

## အခန်း ( ၆ ) အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ

### အပိုဒ် ( ၂၃ ) စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးကျင်းပခြင်း

(၁) စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးကို ယူနက်စကို အထွေထွေညီနှိုးနှောဖလှယ်ပွဲနှင့် တစ်ပြိုင်နက်တည်းတွင် ကျင်းပရမည်။ ယူနက်စကို အထွေထွေအတွင်းရေးမှူးချုပ်က ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများ အစည်းအဝေးခေါ်ယူခဲ့လျှင် ယင်းအစည်းအဝေးနှင့် ညှိနှိုင်း၍ ပြုလုပ်ရန်ဖြစ်သည်။

(၂) စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးသည် လုပ်ထုံးလုပ်နည်းအစည်းအဝေးကို အတည်ပြုရမည်။

(၃) စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ ရှိရမည် –

(က) အပိုဒ် ( ၂၄ ) အပိုဒ်ခွဲ ( ၁ ) နှင့် အညီ ကော်မတီဝင်များကို ရွေးကောက်တင်မြှောက်ခြင်း၊

(ခ) အပိုဒ် ( ၂၇ ) အပိုဒ်ခွဲ ( ၁ ) (က) နှင့် အညီ ကော်မတီက ရေးဆွဲသော လမ်း ညွှန်ချက်များကို အတည်ပြုခြင်း၊

(ဂ) ကော်မတီကရန်ပုံငွေသုံးစွဲခြင်းအတွက် လမ်းညွှန်ချက်များပေးခြင်းနှင့် ရန်ပုံငွေသုံးစွဲခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အပိုဒ် ( ၂၇ ) အပိုဒ်ခွဲ ( ၁ ) (ဃ) နှင့် အညီ ကော်မတီက တင်သွင်းသော အစီရင်ခံစာကို စဉ်းစားခြင်း၊

(င) ဤ နောက်ဆက်တွဲသဘောတူစာချုပ်ကို လက်တွေ့ကျင်းသုံးခြင်းဆိုင်ရာ ပြဿနာတစ်စုံတစ်ရာရှိလျှင် ဆွေးနွေးခြင်းနှင့် အကြံပြုချက်များကို သင့်တင့်လျောက်ပတ်သလို ပြုလုပ်ပေးခြင်း၊

(၄) ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်ဝင်နိုင်ငံ အနည်းဆုံး ( ၅ ) ပုံ ( ၁ ) ပုံ၏ မေတ္တာရပ်ခံချက်ဖြင့် စာချုပ်ဝင်နိုင်ငံများ၏ အထူးအစည်းအဝေးကို ကျင်းပနိုင်သည်။

**အပိုဒ် ( ၂၄ ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသောအခါတွင် ယဉ်ကျေးမှုပစ္စည်း ကာကွယ် စောင့်ရှောက်ခြင်းအတွက် ကော်မတီ**

(၁) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသောအခါတွင် ယဉ်ကျေးမှုပစ္စည်း ကာကွယ် စောင့်ရှောက်ခြင်းအတွက် ကော်မတီကို ဤနောက်ဆက်တွဲ သဘောတူစာချုပ်အားဖြင့် တည်ထောင်မည်။ ယင်းကော်မတီတွင် အဖွဲ့ဝင်နိုင်ငံ ( ၁၂ ) နိုင်ငံ ပါဝင်မည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးက ရွေးကောက်တင်မြှောက်ရမည်။

(၂) ကော်မတီသည် ပုံမှန်အစည်းအဝေး တစ်နှစ်လျှင်တစ်ကြိမ်ကျင်းပပြီး လိုအပ်သည်ဟု ယူဆသည့်အခါတိုင်း အထူးအစည်းအဝေးများကျင်းပရမည်။

(၃) ကော်မတီ အဖွဲ့ဝင်နိုင်ငံများကို ဆုံးဖြတ်သတ်မှတ်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာပေါ်ရှိ ဒေသအသီးသီး၊ ယဉ်ကျေးမှုအသီးသီးကို မျှတစွာကိုယ်စားပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်။

(၄) ကော်မတီတွင် ပါဝင်သောနိုင်ငံများသည် မိမိတို့နိုင်ငံ၏ ကိုယ်စားလှယ်များအဖြစ် ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ရေး (သို့မဟုတ်) နိုင်ငံတကာဥပဒေနယ်ပယ်များတွင် အရည်အချင်းပြည့်မီသူကို ရွေးချယ်ရမည်။ ယင်းအဖွဲ့ဝင်နိုင်ငံများသည် အချင်းချင်းတိုင်ပင်ဆွေးနွေးလျက် ကော်မတီတစ်ရပ်လုံးကို ယင်း၏ နယ်ပယ်များအားလုံး၌ လုံလောက်သော ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ရမည်။

**အပိုဒ် ( ၂၅ ) ရာထူးသက်တမ်း**

(၁) ကော်မတီသို့ ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတစ်နိုင်ငံသည် ( ၄ ) နှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ရန်ဖြစ်ပြီး တစ်ဆက်တည်း ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းကို တစ်ကြိမ်သာလျှင် ခံယူနိုင်သည်။

(၂) စာပိုဒ် ( ၁ ) သတ်မှတ်ချက်များ မည်သို့ပင်ရှိစေကာမူ ပထမရွေးကောက်တင်မြှောက်သည့်အချိန်၌ ရွေးချယ်ထားသော အဖွဲ့ဝင်နိုင်ငံများအနက် ထက်ဝက်၏ ရာထူး သက်တမ်းကာလသည် ၎င်းတို့ ရွေးကောက်တင်မြှောက်သော အစည်းအဝေးပြီးနောက် ကျင်းပသည့် အဖွဲ့ဝင်နိုင်ငံများ၏ ပထမဦးဆုံးအကြိမ် အစည်းအဝေးပြီးချိန်၌ ပြီးဆုံးစေရမည်။ ယင်းအဖွဲ့ဝင်နိုင်ငံများသည် ပထမအကြိမ် ရွေးကောက် တင်မြှောက် ပြီးနောက် ဤအစည်းအဝေး သဘာပတိကမဲစနစ်ဖြင့် ရွေးချယ်ရမည်။

## အပိုဒ် ( ၂၆ ) လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ

(၁) ကော်မတီသည် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို အတည်ပြုရမည်။

(၂) အဖွဲ့ဝင်နိုင်ငံအများစုတက်ရောက်ပါက အစည်းအဝေး အထမြောက်စေရမည်။ ကော်မတီ၏ ဆုံးဖြတ်ချက်များကို မဲပေးသော ကော်မတီဝင် ( ၃ ) ပုံ ( ၂ ) ပုံ အများစုဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

(၃) ကော်မတီဝင်များသည် မိမိတို့ပါဝင်နေသော လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်သည့် ယဉ်ကျေးမှုပစ္စည်းနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ရာ၌ မဲပေးရာတွင် ပါဝင်ခြင်းမပြုရပါ။

## အပိုဒ် ( ၂၇ ) လုပ်ငန်းတာဝန်များ

(၁) ကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ ရှိစေရမည် -

(က) ဤနောက်ဆက်တွဲ သဘောတူစာချုပ် အကောင်အထည်ဖော်ရန်အတွက် လမ်းညွှန်ချက်များ ရေးဆွဲခြင်း၊

(ခ) ယဉ်ကျေးမှုပစ္စည်းကို အဆင့်မြင့်အကာအကွယ်ပေးခြင်းအား ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်းနှင့် အဆင့်မြင့်တင် အကာအကွယ်ပေးသော ယဉ်ကျေးမှုပစ္စည်းကို သတ်မှတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်း၊

(ဂ) ဤနောက်ဆက်တွဲ သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ အဆင့်မြှင့်တင် အကာအကွယ်ပေးမည့် ယဉ်ကျေးမှုပစ္စည်းကို ဖော်ထုတ်ရန် မြှင့်တင်ခြင်း၊

(ဃ) စာချုပ်ဝင်နိုင်ငံများ၏ အစီရင်ခံစာများကို စဉ်းစားပြီး မှတ်ချက်ပြုခြင်း၊ လိုအပ်သလို ရှင်းလင်းချက်များတောင်းခံခြင်း၊ စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးအတွက် ဤနောက်ဆက်တွဲ သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာရေးသားပြုစုခြင်း၊

(င) အပိုဒ် ( ၃၂ ) အရ နိုင်ငံတကာအကူအညီ မေတ္တာရပ်ခံချက်များကို လက်ခံခြင်းနှင့် စဉ်းစားခြင်း၊

(စ) ရန်ပုံငွေအသုံးပြုမှုကို သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဆ) စာချုပ်ဝင်နိုင်ငံများ အစည်းအဝေးက ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(၂) ကော်မတီ၏ လုပ်ငန်းတာဝန်များကို ညွှန်ကြားရေးမှူးချုပ်နှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်ဖြစ်သည်။

(၃) ကော်မတီသည် ကွန်ဗင်းရှင်းနှင့် ကွန်ဗင်းရှင်း၏ ပထမနောက်ဆက်တွဲသဘောတူစာချုပ်နှင့် ၎င်းနောက်ဆက်တွဲ သဘောတူစာချုပ်တို့နှင့် အလားတူသော ဦးတည်ချက်များရှိသည့် နိုင်ငံတကာနှင့် အမျိုးသားအဆင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်များကိုအကောင်အထည်ဖော်ရာတွင် အကူအညီဖြစ်စေရန်အတွက် ယူနက်စကိုနှင့် တရားဝင်ဆက်စပ်မှုရှိသော အဖွဲ့အစည်းများ ထင်ရှားသည့် ပညာရှင် အဖွဲ့အစည်းများအား အကြံပေးအဖြစ်နှင့် အစည်းအဝေးများသို့ ဖိတ်ကြားနိုင်သည်။ ဥပမာ အပြာရောင်ဒိုင်း နိုင်ငံတကာကော်မတီ (ICBS)နှင့် ယင်းကော်မတီတွင်ပါဝင်သော အဖွဲ့များအပါအဝင်ဖြစ်သည်။ ယဉ်ကျေးမှုပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်း လေ့လာရေးနိုင်ငံတကာဗဟိုဌာန၏ ကိုယ်စားလှယ်များ (ရောမဗဟိုဌာန) (ICCROM)နှင့် နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) ကိုယ်စားလှယ်များကိုလည်း အကြံပေးအဖြစ် တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

**အပိုဒ် ( ၂၈ ) အတွင်းရေးမှူးအဖွဲ့**

ကော်မတီအား ယူနက်စကို၏ အတွင်းရေးမှူးအဖွဲ့က အကူအညီပေးရမည်။ ယူနက်စကိုအဖွဲ့သည် ကော်မတီ၏ စာရွက်စာတမ်းများနှင့် အစည်းအဝေးအစီအစဉ်တို့ကို ရေးသားပြုစုပြီး ကော်မတီ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိစေရမည်။

**အပိုဒ် ( ၂၉ ) လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသောအခါတွင် ယဉ်ကျေးမှုပစ္စည်းကာကွယ် စောင့်ရှောက်ရေး ရန်ပုံငွေ**

(၁) အောက်ဖော်ပြပါရည်ရွယ်ချက်များအတွက် ရန်ပုံငွေတစ်ရပ်ကို တည်ထောင်လိုက်သည် –

(က) အပိုဒ် ( ၅ )၊ အပိုဒ် ( ၁၀ ) အပိုဒ်ခွဲ ( ခ ) နှင့် အပိုဒ် ( ၃၀ ) စသည့် အပိုဒ်များနှင့်အညီ ငြိမ်းချမ်းသောအချိန်ကာလတွင် ဆောင်ရွက်ရမည့်

ကြိုတင်ပြင်ဆင်သော အစီအမံများနှင့် အခြား အစီအမံများကို ပံ့ပိုးမှုပေးလျက် ငွေကြေး (သို့မဟုတ်) အခြားအကူအညီဖြည့်ဆည်းပေးခြင်း၊

(ခ) လက်နက်ကိုင်ပဋိပက္ခကာလအတွင်းတွင် (သို့မဟုတ်) တိုက်ခိုက်မှုများ ပြီးဆုံးပြီး ချက်ချင်းပြန်လည်ထူထောင်သည့် ကာလအတွင်းဖြစ်စေ အပိုဒ် ( ၈ ) အပိုဒ်ခွဲ (က)စသည့် အပိုဒ်များနှင့်အညီ ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ အရေးပေါ် ယာယီ (သို့မဟုတ်) အခြား အစီအမံများဖြင့် ငွေကြေး (သို့မဟုတ်) အခြားအကူအညီဖြည့်ဆည်းပေးခြင်း၊

(၂) ရန်ပုံငွေကို ယူနက်စကို၏ ငွေကြေးစည်းမျဉ်းများ သတ်မှတ်ချက်များနှင့်အညီ အကျိုးဆောင်ရန်ပုံငွေ ဖြစ်စေရမည်။

(၃) ရန်ပုံငွေမှ ငွေကြေးထုတ်ပေးမှုများကို အပိုဒ် ( ၂၃ ) အပိုဒ်ခွဲ ( ၃ ) ( ဂ ) တွင် သတ်မှတ် ဖော်ပြထားသော လမ်းညွှန်ချက်များနှင့်အညီ ကော်မတီက ဆုံးဖြတ်သော ရည်ရွယ်ချက်များ အတွက်သာလျှင် အသုံးပြုရမည်။ ကော်မတီက လုပ်ငန်း အစီအစဉ် (သို့မဟုတ်) စီမံချက်တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ပါက ယင်းသို့သော လုပ်ငန်းအစီအစဉ် (သို့မဟုတ်) စီမံချက်အတွင်း ငွေကြေးထည့်ဝင်သူများကို လက်ခံနိုင်သည်။ အခြားအခြေအနေ များတွင် စီမံချက် (သို့မဟုတ်) လုပ်ငန်းအစီအစဉ် တစ်ရပ်ရပ်အတွက် ထည့်ဝင်သူများကို လက်ခံနိုင်မည်မဟုတ်ပါ။

(၄) ရန်ပုံငွေအရင်းအမြစ်များတွင် အောက်ပါတို့ ပါဝင်စေရမည် -

(က) စာချုပ်ဝင်နိုင်ငံများက မိမိဆန္ဒအလျောက်ထည့်ဝင်ငွေများ၊

(ခ) အောက်ပါတို့က ထည့်ဝင်ငွေများ၊ လက်ဆောင်ပေးခြင်းများ (သို့မဟုတ်) စာရွက်စာတမ်းဖြင့် ပေးအပ်ခြင်းများ၊

(၁) အခြားနိုင်ငံများ၊

(၂) ယူနက်စကို (သို့မဟုတ်) ကုလသမဂ္ဂစနစ်တွင် ပါဝင်သည့် အဖွဲ့အစည်းများ၊

(၃) အခြား အစိုးရအချင်းချင်းဆက်သွယ်ဆောင်ရွက်သော အဖွဲ့အစည်း များ (သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) အများပြည်သူ (သို့မဟုတ်) ပုဂ္ဂလိက အဖွဲ့အစည်းများ (သို့မဟုတ်) တစ်သီးပုဂ္ဂလများ၊

(ဂ) ရန်ပုံငွေမှ ရရှိသော အတိုးများ၊

(ဃ) စုဆောင်းရရှိသော ရန်ပုံငွေများနှင့် ရန်ပုံငွေအတွက်ကျင်းပသော အခမ်းအနားများမှ ရရှိငွေများ၊

(င) ရန်ပုံငွေနှင့်အကျုံးဝင်သော လမ်းညွှန်ချက်များက ခွင့်ပြုသည့် အခြားသော အရင်းအမြစ်များ၊

**<u>အခန်း ( ၇ ) သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် နိုင်ငံတကာ အကူအညီပေးခြင်း</u>**

**အပိုဒ် ( ၃၀ ) ဖြန့်ဝေခြင်း**

(၁) စာချုပ်ဝင်နိုင်ငံများသည် သင့်တင့်လျောက်ပတ်သော နည်းလမ်းများဖြင့် အထူးသဖြင့် ပညာရေးနှင့် သတင်းအချက်အလက်လုပ်ငန်းအစီအစဉ်များဖြင့် မိမိတို့၏ ပြည်သူလူထုတစ်ရပ်လုံးက ယဉ်ကျေးမှုပစ္စည်းများကို တန်ဖိုးသိရှိနားလည်ပြီး အလေးဂရုပြုမှုအားကောင်းစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်။

(၂) စာချုပ်ဝင်နိုင်ငံများသည် ငြိမ်းချမ်းသော အချိန်ကာလများတွင်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခ အချိန်ကာလတွင်လည်းကောင်း ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရမည်။

(၃) လက်နက်ကိုင်ပဋိပက္ခအချိန်တွင် လက်တွေ့ ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ တာဝန်ယူရသော စစ်ဘက် (သို့မဟုတ်) အရပ်ဘက်အာဏာပိုင်များသည် ဤနောက်ဆက်တွဲသဘောတူစာချုပ် စာသားကို အပြည့်အဝ အကျွမ်းတဝင် သိရှိရမည်။ ဤရည်ရွယ်ချက်အတွက် စာချုပ်ဝင်နိုင်ငံများသည် သင့်တင့်လျောက်ပတ်သလို အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(က) မိမိတို့၏ စစ်ဘက်စည်းမျဉ်းများတွင် ယဉ်ကျေးမှုပစ္စည်းများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို ပေါင်းစည်းထည့်သွင်းခြင်း၊

(ခ) ယူနက်စကို၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ငြိမ်းချမ်းသောအချိန်တွင် လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပညာပေးရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(ဂ) ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ဥပဒေများ၊ အုပ်ချုပ်မှုပြဋ္ဌာန်းချက်များနှင့် အပိုဒ်ခွဲ ( က ) နှင့် ( ခ ) အရ ဆောင်ရွက်သော အစီအမံများဆိုင်ရာ သတင်းအချက်အလက်များကို အချင်းချင်းထံသို့ ဆက်သွယ်ပြောကြားခြင်း၊

(ဃ) ညွှန်ကြားရေးမှူးချုပ်မှ ဤနောက်ဆက်တွဲ သဘောတူစာချုပ် ကျင့်သုံးနိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့် ဥပဒေနှင့် အုပ်ချုပ်မှုပြဋ္ဌာန်းချက်များကို အချင်းချင်းထံသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဆက်သွယ်အသိပေးခြင်း၊

## အပိုဒ် ( ၃၁ ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း

ဤ နောက်ဆက်တွဲ သဘောတူစာချုပ်ကို ကြီးလေးသော ချိုးဖောက်မှု ဖြစ်ပွားသည့်အခြေအနေများတွင် စာချုပ်ဝင်နိုင်ငံများသည် ကော်မတီမှတဆင့် ပူးပေါင်း၍ ဖြစ်စေ၊ တစ်နိုင်ငံချင်းဖြစ်စေ ယူနက်စကို၊ ကုလသမဂ္ဂတို့နှင့် ပူးပေါင်းဆောင်ရွက်၍ ကုလသမဂ္ဂပဋိညာဉ်နှင့်အညီ အရေးယူဆောင်ရွက်ရန် တာဝန်ယူကြရမည်။

## အပိုဒ် ( ၃၂ ) နိုင်ငံတကာအကူအညီပေးခြင်း

(၁) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် အဆင့်မြှင့်တင် ကာကွယ်စောင့်ရှောက်မှု ပေးထားသော ယဉ်ကျေးမှုပစ္စည်းအတွက် နိုင်ငံတကာအကူအညီပေးအပ်ပါရန် ကော်မတီထံမှ မေတ္တာရပ်ခံနိုင်သည်။ အပိုဒ် ( ၁၀ )တွင် ရည်ညွှန်း ဖော်ပြထားသော ဥပဒေများ၊ အုပ်ချုပ်မှုပြဋ္ဌာန်းချက်များနှင့် အစီအမံများကို အသစ်ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အကူအညီကိုလည်း မေတ္တာရပ်ခံနိုင်သည်။

(၂) ပဋိပက္ခတွင် ပါဝင်ပြီး ဤ နောက်ဆက်တွဲ သဘောတူစာချုပ်တွင် မပါဝင်သော နိုင်ငံတစ်နိုင်ငံသည် အပိုဒ် ( ၃ ) အပိုဒ်ခွဲ ( ၂ ) နှင့်အညီ ပြဋ္ဌာန်းချက်များကို လက်ခံပြီး လက်တွေ့ကျင့်သုံးမည်ဆိုပါက ကော်မတီက သင့်တင့်လျောက်ပတ်သော အကူအညီကို မေတ္တာရပ်ခံနိုင်သည်။

(၃) ကော်မတီသည် နိုင်ငံတကာအကူအညီ မေတ္တာရပ်ခံချက်တင်သွင်းရာတွင် လိုက်နာရမည့် စည်းမျဉ်းများကို အတည်ပြုရမည်။ နိုင်ငံတကာ အကူအညီပေးရာ၌ အကူအညီပေးရမည့် ပုံသဏ္ဌာန်များကို သတ်မှတ်ဖော်ပြရမည်။

(၄) စာချုပ်ဝင်နိုင်ငံများအား နည်းပညာအကူအညီ မေတ္တာရပ်ခံသော ပဋိပက္ခတွင် ပါဝင်နေသည့် နိုင်ငံများသို့ ကော်မတီမှတစ်ဆင့် နည်းပညာအကူအညီ အမျိုးအစားအားလုံးကို ပေးအပ်ရန် အားပေးသည်။

**အပိုဒ် ( ၃၃ ) ယူနက်စကို အကူအညီ**

(၁) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် မိမိ၏ယဉ်ကျေးမှုပစ္စည်းများကို အကာအကွယ်ပေးရန် စုစည်းဆောင်ရွက်ရာ၌ နည်းပညာအကူအညီကို ယူနက်စကိုထံမှ တောင်းခံနိုင်သည်။ ဥပမာ – ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရန် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းဆောင်ရွက်မှု၊ အရေးပေါ်အခြေအနေများအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအမံများ ကြိုတင်တားဆီးကာကွယ်သည့် အစီအမံများနှင့် အဖွဲ့အစည်းဆိုင်ရာအစီအမံများ၊ ယဉ်ကျေးမှုပစ္စည်း အမျိုးသားအဆင့်စာရင်းများပြုစုခြင်း (သို့မဟုတ်) ဤနောက်ဆက်တွဲ သဘောတူစာချုပ် လက်တွေ့ကျင့်သုံးရာမှ ပေါ်ပေါက်လာသော အခြားမည်သည့် ပြဿနာမဆိုနှင့် စပ်လျဉ်း၍ အကူအညီ တောင်းခံနိုင်သည်။ ယူနက်စကိုသည် ယင်းသို့သော အကူအညီကို လုပ်ငန်းအစီအစဉ်နှင့် အရင်းအမြစ် ကန့်သတ်ချက်များအတွင်းမှ ပေးအပ်ရမည်။

(၂) စာချုပ်ဝင်နိုင်ငံများသည် နှစ်နိုင်ငံအဆင့်တွင်လည်းကောင်း၊ နိုင်ငံများအဆင့်တွင်လည်းကောင်း နည်းပညာ အကူအညီ ဖြည့်ဆည်းပေးရန် အားပေးသည်။

(၃) ယူနက်စကိုသည် မိမိကိုယ်ပိုင် လုပ်ငန်းဆောင်ရွက်မှုဖြင့် ယင်းကိစ္စရပ်များဆိုင်ရာ အဆိုပြုချက်များကို စာချုပ်ဝင်နိုင်ငံများထံသို့ ပြုလုပ်ရန်အခွင့်ရှိသည်။

**<u>အခန်း ( ၈ ) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို လက်တွေ့ဆောင်ရွက်ခြင်း</u>**

**အပိုဒ် ( ၃၄ ) ကာကွယ်စောင့်ရှောက်သောနိုင်ငံများ**

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် တာဝန်ယူရသော ကာကွယ်စောင့်ရှောက်သည့် နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လက်တွေ့ကျင့်သုံးရန် ဖြစ်သည်။

## အပိုဒ် ( ၃၅ ) စေ့စပ်ရေး လုပ်ထုံးလုပ်နည်း

(၁) ကာကွယ်စောင့်ရှောက်သောနိုင်ငံများသည် ယဉ်ကျေးမှုပစ္စည်း အကျိုးစီးပွား အတွက် အသုံးဝင်သည်ဟု ယူဆသော ဖြစ်ရပ်များအားလုံးတွင် အကျိုးဆောင်မှု ပြုလုပ်နိုင်သည်။ အထူးသဖြင့် ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများအကြားတွင် ဤနောက်ဆက်တွဲ သဘောတူစာချုပ် ပြဋ္ဌာန်းချက်ကို လက်တွေ့ကျင့်သုံးခြင်း (သို့မဟုတ်) အဓိပ္ပါယ်ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲမှုရှိနေသော အခါတွင် ယင်းသို့ အကျိုးဆောင်ပေးရန်ဖြစ်သည်။

(၂) ဤရည်ရွယ်ချက်အတွက် ကာကွယ်စောင့်ရှောက်မှုပေးသော နိုင်ငံတစ်နိုင်ငံစီသည် နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ ဖိတ်ကြားချက်အရဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ ဖိတ်ကြားချက်အရဖြစ်စေ၊ မိမိ၏ လုပ်ငန်းဆောင်ရွက်မှု အရဖြစ်စေ၊ ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများအား ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရန် အဆိုပြုနိုင်သည်။ အထူးသဖြင့် သင့်တင့်လျောက်ပတ်သည်ဟု ယူဆပါက ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူရသော အာဏာပိုင်များကို တွေ့ဆုံစေရန်ဖြစ်သည်။ သင့်တင့်လျောက်ပတ်သည်ဟု ယူဆ ပါက ပဋိပက္ခတွင်မပါဝင်သော နိုင်ငံ၏ပိုင်နက်နယ်မြေတွင် ကျင်းပရန်ဖြစ်သည်။ ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများသည် အစည်းအဝေးပြုလုပ်ရန် အဆိုပြုချက်များ ၎င်းတို့ထံ ပြုလုပ်လာပါက မဖြစ်မနေ စဉ်းစားဆောင်ရွက်ပေးရန်ဖြစ်သည်။ ကာကွယ်စောင့်ရှောက်သော နိုင်ငံများသည် ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများ၏ သဘောတူညီချက်ဖြင့် ပဋိပက္ခမှုတွင် မပါဝင်သောနိုင်ငံတစ်နိုင်ငံမှ လူပုဂ္ဂိုလ် တစ်ဦး (သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ကတင်ပြသော လူပုဂ္ဂိုလ်တစ်ဦးအား အဆိုပြု၍ ယင်းပုဂ္ဂိုလ်အား အစည်းအဝေးတွင် သဘာပတိအဖြစ် ပါဝင်ဆောင်ရွက်ရန် ဖိတ်ကြားရမည်။

## အပိုဒ် ( ၃၆ ) ကာကွယ်စောင့်ရှောက်သောနိုင်ငံများမရှိလျှင် စေ့စပ်ခြင်း

(၁) ကာကွယ်စောင့်ရှောက်သောနိုင်ငံများ ခန့်အပ်ခြင်းမရှိသော ပဋိပက္ခမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် အကျိုးဆောင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည် (သို့မဟုတ်) သဘောကွဲလွဲမှုကို ဖြေရှင်းရန်အလို့ငှာ စေ့စပ်မှု (သို့မဟုတ်) ကြားဝင် ဖြန်ဖြေမှု အခြားမည်သည့်အသွင်သဏ္ဌာန်ကိုမဆို ဆောင်ရွက်နိုင်သည်။

(၂) နောက်ဆက်တွဲ သဘောတူစာချုပ်တွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံက ဖိတ်ကြား၍ ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က ဖိတ်ကြား၍ဖြစ်စေ ကော်မတီဥက္ကဋ္ဌသည် ပဋိပက္ခ

တွင်ပါဝင်သော နိုင်ငံများအား ၎င်းတို့၏ ကိုယ်စားလှယ်များအစည်းအဝေးပြုလုပ်ရန် အဆိုပြုနိုင်သည်။ အထူးသဖြင့် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူရသော အာဏာပိုင်များကို စည်းဝေးစေရန်ဖြစ်သည်။ သင့်တင့် လျောက်ပတ်သည်ဟုယူဆပါက ပဋိပက္ခမှုတွင်မပါဝင်သော နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက် နယ်မြေတွင် ကျင်းပရန်ဖြစ်သည်။

**အပိုဒ် ( ၃၇ ) ဘာသာပြန်ဆိုခြင်းများနှင့် အစီရင်ခံစာများ**

(၁) စာချုပ်ဝင်နိုင်ငံများသည် ဤနောက်ဆက်တွဲသဘောတူစာချုပ်ကို မိမိတို့နိုင်ငံ၏ တရားဝင်ဘာသာစကား၊ ရုံးသုံးဘာသာစကားများဖြင့်ပြန်ဆို၍ တရားဝင် ဘာသာ ပြန်ဆိုချက်များကို ညွှန်ကြားရေးမှူးချုပ်ထံ ဆက်သွယ်ပေးပို့ရမည်။

(၂) စာချုပ်ဝင်နိုင်ငံများသည် ( ၄ ) နှစ်လျှင်တစ်ကြိမ် ကော်မတီသို့ ဤနောက်ဆက်တွဲ သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီရင်ခံစာကို တင်သွင်း ရမည်။

**အပိုဒ် ( ၃၈ ) နိုင်ငံတော်၏တာဝန်**

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ပါ တစ်ဦးချင်းပြစ်မှုဆိုင်ရာ တာဝန်ရှိခြင်းနှင့် စပ်လျဉ်းသော မည်သည့်ပြဋ္ဌာန်းချက်မျှ လျော့ကြေးပေးရန် တာဝန်အပါအဝင် နိုင်ငံတကာဥပဒေပါ နိုင်ငံများ၏ တာဝန်အပေါ် သက်ရောက်မှုမရှိစေရ။

**<u>အခန်း ( ၉ ) နောက်ဆုံးအပိုဒ်များ</u>**

**အပိုဒ် ( ၃၉ ) ဘာသာစကားများ**

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို အာရဗစ်ဘာသာ၊ တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာတို့ဖြင့်ရေးဆွဲပြီး ယင်း ဘာသာစကား ( ၆ ) ရပ်ဖြင့် ရေးသားထားသော စာသားများအားလုံးသည် ညီတူညီမျှ မူရင်းအစစ်အမှန်များ ဖြစ်စေရမည်။

**အပိုဒ် ( ၄၀ ) လက်မှတ်ရေးထိုးခြင်း**

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်၊ မတ်လ ( ၂၆ ) ရက်စွဲ ရေးထိုးကြသည်။ ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်၊ မေလ ( ၁၇ ) ရက်နေ့မှ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁ ) ရက်နေ့အထိ ဟော့ဂ်မြို့တွင် ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများအားလုံးက လက်မှတ်ရေးထိုးရန်အတွက် ဖွင့်လှစ်ထားရှိရမည်။

**အပိုဒ် ( ၄၁ ) အတည်ပြုခြင်း၊ လက်ခံခြင်း (သို့မဟုတ်) သဘောတူညီခြင်း**

(၁) ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် လက်မှတ်ရေးထိုးထားပြီးသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများက မိမိတို့၏ အသီးသီး အခြေခံဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အတည်ပြုနိုင်သည်၊ လက်ခံနိုင်သည် (သို့မဟုတ်) သဘောတူညီနိုင်သည်။

(၂) အတည်ပြုခြင်း၊ လက်ခံခြင်း (သို့မဟုတ်) သဘောတူညီခြင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းများကို အတွင်းရေးမှူးချုပ်ထံ အပ်နှံရမည်။

**အပိုဒ် ( ၄၂ ) အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း**

(၁) ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ( ၁ ) ရက်နေ့မှစ၍ ကွန်ဗင်းရှင်းဝင် အခြားနိုင်ငံကြီးများက အဖွဲ့ဝင်အဖြစ်ပါဝင်ရန်အတွက် ဖွင့်လှစ်ထားရှိရမည်။

(၂) အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းကို အဖွဲ့ဝင်အဖြစ်ပါဝင်ကြောင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းအား ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံခြင်းဖြင့် ဆောင်ရွက်ရမည်။

**အပိုဒ် ( ၄၃ ) အတည်ဖြစ်ခြင်း**

(၁) ဤနောက်ဆက်တွဲ သဘောတူစာချုပ်သည် အတည်ပြုခြင်း၊ လက်ခံခြင်း၊ သဘောတူညီခြင်း (သို့မဟုတ်) အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်း ( ၂၀ ) ကို အပ်နှံပြီးစီးပြီးနောက် ( ၃ ) လအကြာတွင် အတည်ဖြစ်စေရမည်။

(၂) ထို့နောက် စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံစီအတွက် အတည်ပြုခြင်း၊ လက်ခံခြင်း၊ သဘောတူညီခြင်း (သို့မဟုတ်) အဖွဲ့ဝင်အဖြစ် စာချုပ်စာတမ်း၊ စာရွက်စာတမ်း အပ်နှံပြီးနောက် ( ၃ ) လအကြာတွင် ယင်းသက်ဆိုင်ရာနိုင်ငံအတွက် အတည်ဖြစ်စေရမည်။

**အပိုဒ် ( ၄၄ ) လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် အတည်ဖြစ်ခြင်း**

ကွန်ဗင်းရှင်းအပိုဒ် ( ၁၈ ) နှင့် ( ၁၉ ) တွင် ရည်ညွှန်းဖော်ပြထားသော အခြေအနေများဖြစ်ပွားပါက တိုက်ခိုက်မှုများ (သို့မဟုတ်) သိမ်းပိုက်မှုမစတင်မီ (သို့မဟုတ်) စတင်ပြီးနောက် ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများက အပ်နှံထားသော ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို အတည်ပြုခြင်းများ၊ လက်ခံခြင်းများ၊ သဘောတူညီခြင်းများ (သို့မဟုတ်) အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းများအား ချက်ချင်း

အသက်ဝင်စေရမည်။ ယင်းသို့သော ဖြစ်ရပ်များတွင် ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ( ၄၆ ) တွင် ရည်ညွှန်းဖော်ပြထားသော ဆက်သွယ်ပြောဆိုမှုကို အလျင်အမြန်ဆုံးနည်းလမ်းဖြင့် ပေးပို့ရမည်။

## အပိုဒ် ( ၄၅ ) ရုပ်သိမ်းခြင်း

(၁) ဤနောက်ဆက်တွဲ သဘောတူညီချက်စာချုပ်တွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံစီသည် ဤနောက်ဆက်တွဲ သဘောတူညီချက်စာချုပ်ကို ရုပ်သိမ်းနိုင်သည်။

(၂) ရုပ်သိမ်းချက်ကို စာဖြင့်ရေးသားလျက် စာရွက်စာတမ်းအဖြစ် အသိပေးအကြောင်းကြားစာပေးပို့ပြီး ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံရမည်။

(၃) ရုပ်သိမ်းသည့်စာရွက်စာတမ်း၊ စာချုပ်စာတမ်းလက်ခံရရှိပြီး ( ၁ ) နှစ်အကြာတွင် ရုပ်သိမ်းမှုကို အတည်ဖြစ်စေရမည်။ သို့ရာတွင် ဤကာလကုန်ဆုံးချိန်၌ ရုပ်သိမ်းသောနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေပါက ရုပ်သိမ်းမှုသည် တိုက်ခိုက်မှုများပြီးဆုံးသည့်အချိန်အထိ (သို့မဟုတ်) ယဉ်ကျေးမှုပစ္စည်းများကို မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့်လုပ်ငန်းများ ပြီးစီးသည့်အချိန်အထိ ယင်းနှစ်ရပ်အနက် နောက်မှ ပြီးစီးသည့်လုပ်ငန်းများ ပြီးဆုံးသည်အထိ ရုပ်သိမ်းမှုမှာ အတည်မဖြစ်စေရပါ။

## အပိုဒ် ( ၄၆ ) အသိပေးအကြောင်းကြားခြင်းများ

ညွှန်ကြားရေးမှူးချုပ်သည် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအားလုံးသာမက ကုလသမဂ္ဂအား အပိုဒ် ( ၄၁ ) နှင့် ( ၄၂ ) တို့တွင် သတ်မှတ်ဖော်ပြထားသော အတည်ပြုခြင်း၊ လက်ခံခြင်း၊ သဘောတူညီခြင်း (သို့မဟုတ်) အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းများအားလုံးကို အပ်နှံခြင်းနှင့် အပိုဒ် ( ၄၅ ) တွင် သတ်မှတ်ဖော်ပြထားသော ရုပ်သိမ်းမှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းများအားလုံးကို အပ်နှံခြင်းတို့အား အသိပေးအကြောင်းကြားရမည်။

## အပိုဒ် ( ၄၇ ) ကုလသမဂ္ဂတွင် မှတ်တမ်းရေးသွင်းခြင်း

ကုလသမဂ္ဂပဋိညာဉ် အပိုဒ် ( ၁၀၂ ) နှင့်အညီ ဤနောက်ဆက်တွဲသဘောတူစာချုပ်ကို ညွှန်ကြားရေးမှူးချုပ်၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးအဖွဲ့တွင် မှတ်တမ်းရေးသွင်းရမည်။

အထက်ဖော်ပြပါတို့ကို ယုံကြည်လက်ခံလျက် အောက်တွင်လက်မှတ်ရေးထိုးထားသူများသည် စနစ်တကျ ထိုက်သင့်စွာ၊ သင့်တင့်လျောက်ပတ်စွာ အခွင့်အာဏာ

အပ်နှင်းခံရသူများဖြစ်လျက် ဤယခု နောက်ဆက်တွဲ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီးဖြစ်ပါသည်။

၁၉၉၉ ခုနှစ်၊ မတ်လ ( ၂၆ ) ရက်နေ့တွင် ''ဟေ့ဂ်'' မြို့ ၌ ရေးဆွဲမည့် မိတ္တူတစ်စောင်စီကို ယူနက်စကိုအဖွဲ့ မှတ်တမ်းမော်ကွန်းတိုက်တွင် အပ်နှံလျက် လက်မှတ်ရေးထိုးထားသော မိတ္တူမှန်များကို ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအားလုံးသို့ ပေးပို့ရမည်။

**အပ်နှံခြင်းကို လက်ခံသောအဖွဲ့**

ယူနက်စကို

**လက်မှတ်ရေးထိုးရန် ဖွင့်လှစ်ခြင်း**

၁၉၉၉ ခုနှစ်၊ မေလ ( ၁၇ ) ရက်နေ့မှ ဒီဇင်ဘာလ ( ၃၁ ) ရက်နေ့အထိ

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို အောက်ဖော်ပြပါနိုင်ငံများက လက်မှတ်ရေးထိုးပြီးဖြစ်ပါသည် –

| | |
|---|---|
| အယ်(လ်)ဘေးနီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| အာမေးနီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် |
| သြစတြေးလျနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဘယ် (လ်)လာရပ်(စ်)နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဘယ်လ်ဂျီယံနိုင်ငံ | ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် |
| ဘူ(လ်)ဂေးရီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ကမ္ဘောဒီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ကိုလံဘီယာနိုင်ငံ | ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| အိုင်ဗရီကို့နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ခရိုအေးရှားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဆိုက်ပရပ်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ သြဂုတ်လ ၁၉ ရက် |
| အီကွေဒေါ်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |
| အီဂျစ်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် |
| အက်စ်တိုးနီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဖင်လန်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |

| | |
|---|---|
| ဂျာမနီနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဂါနာနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဂရိနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဟိုလီဆီးနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဟန်ဂေရီနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| အင်ဒိုနီးရှားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| အီတလီနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| လူဇင်ဘတ်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| မက်ဒယ်ဂတ်စကားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| မော်ရိုကိုနိုင်ငံ | ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် |
| နယ်သာလန်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| နိုင်ဂျီးရီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| အိုမန်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ ဇွန်လ ၃၀ ရက် |
| ပါကစ္စတန်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ပီရူးနိုင်ငံ | ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် |
| ကာတာနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ရိုမေးနီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် |
| ဆလိုဗတ်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် |
| စပိန်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဆွီဒင်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဆွစ်ဇာလန်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ဆားရီးယားနိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |
| ယီမင်နိုင်ငံ | ၁၉၉၉ ခုနှစ်၊ မတ်လ ၂၆ ရက် |

**အတည်ဖြစ်ခြင်း**

အပိုဒ် ( ၄၃ ) ( ၁ ) နှင့်အညီ ၂၀၀၄ ခုနှစ်၊ မတ်လ ( ၉ ) ရက်နေ့တွင် အတည်ဖြစ်သည်။

**အခိုင်အမာအဖြစ်သတ်မှတ်သည့်စာသားများ**

အာရဗစ်ဘာသာ၊ တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှား ဘာသာနှင့် စပိန်ဘာသာ

**ကုလသမဂ္ဂတွင် မှတ်ပုံတင်ခြင်း**

အမှတ် ( ၃၅၁၁ ) ၂၀၀၄ ခုနှစ်၊ မေလ ( ၅ ) ရက်